# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်၊ တနင်္ဂနွေနေ့။ Sunday, 16 November 2025 ၁၂၀၀၃


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။

နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘားအံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေး

# နယ်မြေတည်ငြိမ်အေးချမ်းမည်ဆိုပါက ခရီးသွားလုပ်ငန်းများ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကရင်ပြည်နယ်လူငယ်စင်တာအတွင်း လူငယ်များ Indoor Game များ လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။


**ယနေ့ ဖတ်စရာ**

တရုတ်-မြန်မာ-ထိုင်း-ကမ္ဘောဒီးယား-လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ပထမအကြိမ် အွန်လိုင်းလိမ်လည်မှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက် စာမျက်နှာ » ၁၃

ကန္တာရကျောက်တောင်များပင် စိမ်းလန်းသော အိုအေစစ် ဖြစ်လာနိုင်ကြလျှင် . . . ဆောင်းပါး စာမျက်နှာ » ၁၄

ရွှေတိဂုံစေတီတော်မြတ်ကြီး၌ (၁၀၇)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ စာမျက်နှာ » ၁၅

ကြေးမုံ

# အသိပညာ၊ အတတ်ပညာပြည့်စုံသော ပညာတတ်များဖြင့်နိုင်ငံတည်ဆောက်

"နိုင်ငံတစ်နိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူတစ်ဦးချင်းစီ၏ အသိပညာ၊ အတတ်ပညာ၊ အတွေးအခေါ်၊ ဗဟုသုတ ပြည့်ဝစေခြင်းဖြင့် အမျိုးသားပညာရေးကို မြှင့်တင်ပေးရမည်ဖြစ်ပါသည်။ အထူးသဖြင့် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းနေသည့် ယနေ့ကာလတွင် တိုင်းရင်းသားပြည်သူများအနေဖြင့် အရာရာကို စဉ်းစားတွေးခေါ်ကာ အမှား၊ အမှန်ကို ခွဲခြားသိရှိပြီး နိုင်ငံနှင့်လူမျိုးအကျိုး သယ်ပိုးဆောင်ရွက်ရန်အရေးကြီးပါသည်" ဆိုသည့် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့သဝဏ်လွှာစကားကို မှတ်သားရသည်။

ပညာသည် နိုင်ငံသားတစ်ဦးချင်းစီအတွက်သာမက နိုင်ငံအတွက်ပါ အရေးပါသော တန်ဖိုးကြီးမားသည့် ဥစ္စာဖြစ်သည်။ ပညာရေးမှရရှိလာသည့် စဉ်းစားဆင်ခြင်သုံးသပ်နိုင်စွမ်းနှင့် ပြဿနာကို ဖြေရှင်းနိုင်စွမ်းတို့သည် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည့် နယ်ပယ်ကဏ္ဍအသီးသီးတွင် များစွာအထောက်အကူပြုသော ပင်ကိုဉာဏ်ရည်ဉာဏ်သွေးများပင်ဖြစ်သည်။ ပညာရေးသည် လူတစ်ဦး၏ ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ ပင်ကိုစိတ်ဓာတ်နှင့် စံတန်ဖိုးများကို ဖွံ့ဖြိုးစေသော အခြေခံအင်အားဖြစ်သည်နှင့်အညီ လူတစ်ဦးချင်းစီ၏ဘဝကို တိုးတက်စေနိုင်သည်သာမက နိုင်ငံ၏အနာဂတ်ကို ပုံဖော်ပေးနိုင်သည်။

နိုင်ငံသားတိုင်း အခြေခံပညာသင်ယူပြီးမြောက်စေရေးအတွက် လူတိုင်းပညာသင်ကြားခွင့်ရရှိရေးနှင့် လူတိုင်းအကျုံးဝင်ပညာရေးကို အားပေးလျက်ရှိသည်။ အမျိုးသားပညာရေးကို မြှင့်တင်ရေးအတွက် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးခြင်း၊ သင်ရိုးညွှန်းတမ်းများ ခေတ်နှင့်အညီ မွမ်းမံပြင်ဆင်ခြင်း၊ ဆရာ ဆရာမများ သင်ကြားသင်ယူမှု အရည်အသွေးမြှင့်တင်ခြင်း၊ သင်ယူမှုအခွင့်အလမ်းများ တိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကာ ပညာရေးအသုံးစရိတ်များကို နှစ်စဉ်တိုးတက် သုံးစွဲခွင့်ပြုပေးလျက်ရှိသည်။ ဆရာ ဆရာမများကလည်း ပညာသင်ကြားပေးရုံသာမက ဗလငါးတန်နှင့်ပြည့်စုံသော၊ အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များအား အသိပညာ၊ အတတ်ပညာ တတ်မြောက်ရေးသာမက ပညာရေးဖြင့် ကိုယ်ကျင့်တရားကောင်းမွန်ပြီး တာဝန်သိ၍ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ရှိသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ပျိုးထောင်ပေးရမည်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာ၊ ဆင်ခြင်ဉာဏ်နှင့် ဉာဏ်ရည်ဉာဏ်သွေး ပြည့်စုံသော ပညာတတ်များဖြင့် နိုင်ငံတော်ကို တည်ဆောက်ကြရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အသိပညာ၊ အတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ရာတွင် ကျောင်းနေအရွယ် ကလေးငယ်အားလုံး ပညာသင်ယူခွင့်ရရှိရေးနှင့် အနည်းဆုံး KG+9 ပြီးဆုံးသည်အထိ ကျောင်းနေနိုင်ရေး အခမဲ့ပညာရေးကို ကျင့်သုံးလျက်ရှိသည်။

အလယ်တန်းပညာပြီးမြောက်ပြီးသူများကို စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး အသက်မွေးဝမ်းကျောင်းအတတ်ပညာများ သင်ယူတတ်မြောက်နိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန် အခြေခံပညာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူအထက်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ သင်ကြားတတ်မြောက်ပြီးသည့် လူသားအရင်းအမြစ်များက နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာအောင် စဉ်ဆက်မပြတ် မြှင့်တင်ပေးရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူတစ်ရပ်လုံးက တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းပါဝင်ကြရေးသည် အဓိကကျသည်။ မြန်မာနိုင်ငံအတွက် လိုအပ်နေသည်မှာ ငြိမ်းချမ်းရေးဖြစ်၍ တွေ့ကြုံခဲ့ရသော အတိတ်နှင့် ပစ္စုပ္ပန်ဖြစ်ရပ်များကို သင်ခန်းစာယူကာ တန်ဖိုးမဖြတ်နိုင်သည့် ငြိမ်းချမ်းရေးအမွေအနှစ်များကို မျိုးဆက်သစ်လူငယ်များထံသို့ လက်ဆင့်ကမ်းအမွေပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။ မျိုးဆက်သစ်လူငယ်များအား ကောင်းမွန်သောအမွေပေးနိုင်ရန်အတွက် မှန်ကန်သောအသိအမြင်၊ ဗဟုသုတများကို ပေးဝေနိုင်ရေးဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေး ငြိမ်းချမ်းသာယာဝပြောရေးအတွက် အခြေခံကျသည့် အမျိုးသားပညာရေးကို မြှင့်တင်အားပေးခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရန် နိုင်ငံသားအားလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။ ။

## နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်
နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ သင်တန်းများအားလုံးကို ၂၄-၁၁-၂၀၂၅ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ ၁၇-၁၁-၂၀၂၅ ရက်မှ စတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ကြေညာချက်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ အစိုးရနည်းပညာကောလိပ်များ၏ B.Tech ဘွဲ့သင်တန်းများ အားလုံးကို ၂၄-၁၁-၂၀၂၅ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို ၁၇-၁၁-၂၀၂၅ ရက်မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

နည်းပညာ၊သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
## ကြေညာချက်

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် Polytechnic University များ၏ သင်တန်းနှစ်များအားလုံးကို ၂၄-၁၁-၂၀၂၅ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ ၁၇-၁၁-၂၀၂၅ ရက်မှစတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန

## ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများဆွေးနွေးပွဲကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက Sky Lin Hotel ၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးတက်ထွဋ်အောင်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ဦးက လုပ်ငန်းရှင်များအနေဖြင့် စားသောက်ဆိုင်များတွင် စားသောက်ခြင်း၊ ဟိုတယ်/တည်းခိုခန်းများတွင် တည်းခိုခြင်း၊ ရွှေထည်လက်ဝတ်ရတနာများ ဝယ်ယူခြင်း၊ လက်ကိုင်ဖုန်း/ဟန်းဆက်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်း၊ ရုပ်သံလွှင့် မီဒီယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်သည့်အခါ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ထားသော ပြေစာများကို သတ်မှတ်ချက်အတိုင်း ကပ်နှိပ်ပေးခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်းနှင့် ဌာနက ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားတစ်ခုချင်းအလိုက် သိကောင်းစရာများကိုရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ပခုက္ကူမြို့၌ မဲရုံများ မီးဘေးလုံခြုံရေး ကွင်းဆင်းဆောင်ရွက်

**ပခုက္ကူ နိုဝင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ မဲရုံများ မီးဘေးလုံခြုံမှုရှိစေရေး နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ကြသည်။

ပခုက္ကူခရိုင် မီးသတ်ဦးစီးမှူး ဦးသိန်းဇော်ဝင်း၏ ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ စုပေါင်း၍ ပခုက္ကူမြို့ပေါ်ရပ်ကွက်များရှိ မဲရုံများ မီးဘေးလုံခြုံစိတ်ချရမှုရှိစေရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**

## ၁၅ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၈၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘားအံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့်တွေ့ဆုံဆွေးနွေးစဉ်။

☆ ရှေ့ဖုံးမှ

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဘားအံမြို့ရှိပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဒေသခံ တိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ်က ရွေးကောက်ပွဲကျင်းပပြုလုပ်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိမှု၊ ပြည်နယ်ဆိုင်ရာ အချက်အလက်များ၊ တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှုနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်လုပ်မှုများ တိုးတက်စေရေး သင်တန်းများပို့ချပေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ဒေသဝမ်းစာဖူလုံမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဒေသအတွင်းခရီးသွားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများဝင်ရောက်မှု၊ ပြည်နယ်အတွင်း ပညာရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ကရင်ပြည်နယ်အတွင်း တရားမဝင်ရောက်ရှိနေသည့် ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးလျက်ရှိမှု၊ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိမှု၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ရန် လျာထားဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက ဘားအံမြို့တွင် သံလွင်မြစ်၏ မြစ်ရေများ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ဒေသခံပြည်သူများ ရေဘေးသင့်ခဲ့မှုကြောင့် နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရက အစားအသောက်များနှင့် လိုအပ်သည်များကို ထောက်ပံ့ပေးခဲ့မှုနှင့် ဘားအံမြို့တွင် သံလွင်မြစ် ရေကြီးရေလျှံမှု မရှိစေရေးအတွက် လိုအပ်သည့် မြစ်ကြောင်းရှင်းလင်းရေးလုပ်ငန်းများအား ဆောင်ရွက်ပေးစေလိုမှု၊ မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံငွေများ ထပ်မံထုတ်ချေးပေးစေလိုမှု၊ စပါးစိုက်ပျိုးရေးအတွက် လိုအပ်သောသွင်းအားစုများ ပံ့ပိုးကူညီပေးစေလိုမှု၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ တိုင်းရင်းသား ဘာသာစကားသင်ကြားလျက်ရှိသည့် တိုင်းရင်းသား ဆရာ ဆရာမများအား ထောက်ပံ့ကြေး တိုးမြှင့်ပေးစေလိုမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့် ပတ်သက်၍ ပြည်နယ်အဆင့် တာဝန်ရှိသူများက သံလွင်မြစ် ရေကြီးရေလျှံမှု လျော့နည်းစေရေး လိုအပ်သည့် မြစ်ကြောင်း နေရာများအား သောင်တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ ဘားအံမြို့အား ရေကြီးရေလျှံမှုလျော့ပါးစေရေး ရေထိန်းတမံများ တည်ဆောက်ရန်အတွက် လျာထား ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

- နယ်မြေတည်ငြိမ်အေးချမ်းမှုရှိသည့် ဒေသများတွင် တိုးတက်မှုများ ရရှိနိုင်မည်ဖြစ်သကဲ့သို့ တည်ငြိမ်အေးချမ်းမှုမရှိသည့်ဒေသများတွင် မည်သည့် နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနိုင်မည်မဟုတ်
- နိုင်ငံရေးမောင်းနှင်အား ကောင်းမွန်မှသာ စီးပွားရေးမောင်းနှင်အား ကောင်းမွန်မည်ဖြစ်ပြီး စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာ ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းမွန်မှုသည် နိုင်ငံတစ်ခုအတွက် မဖြစ်မနေအရေးကြီး

**လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်**

ရှင်းလင်း တင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနှင့် ပတ်သက်၍ ဘားအံမြို့၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့် အခြားမြို့များ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များအား တွက်ချက်၍ ဆောင်ရွက်သွားရန် လိုကြောင်း၊ ဘားအံမြို့ ရေကြီးရေလျှံမှုနှင့် ပတ်သက်၍ အထက်ပိုင်းဒေသတွင် မိုးများစွာရွာသွန်းသည့်အချိန်နှင့် ဒီရေတက်သည့်အချိန်များတွင် ရေကြီးရေလျှံမှုများကို ပိုမိုဖြစ်ပေါ်စေကြောင်း၊ ဘားအံဒေသအတွင်း ယခင်က စီမံဆောင်ရွက်ခဲ့သည့် ဟတ်ကြီး ရေအားလျှပ်စစ် စီမံကိန်းကို ဆောင်ရွက်မည်ဆိုပါက ရေကြီးရေလျှံမှုများကို ထိန်းသိမ်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် ဒေသအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သကဲ့သို့ သဘာဝအရ ဖြစ်ပေါ်လာသည့် ရေကြီးရေလျှံမှုများကိုလည်း အထိုက်အလျောက် လျှော့ချနိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများ အနေဖြင့် အဆိုပါရေအားလျှပ်စစ်စီမံကိန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကရင်ပြည်နယ်သည် သာယာလှပသည့် ဒေသတစ်ခုဖြစ်ပြီး ပြည်တွင်း/ပြည်ပခရီးသွားများ စိတ်ဝင်တစား လာရောက် လည်ပတ်လျက်ရှိသည့် နေရာတစ်ခုဖြစ်ကြောင်း၊ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားရန် လိုကြောင်း၊ မြို့သာယာလှပရေးနှင့် ဒေသသာယာ လှပရေးအတွက် ဆောင်ရွက်ကြရန် လိုသကဲ့သို့ ဒေသရိုးရာ အစားအသောက်များကိုလည်း ပိုမိုသန့်ရှင်းပြီး ခရီးသွားများအား ဆွဲဆောင်မှုရှိအောင် ဆောင်ရွက်ကြရန် လိုကြောင်း၊ ခရီးသွားလုပ်ငန်းသည် ဒေသအတွက် ဝင်ငွေများစွာရရှိစေသဖြင့် ဒေသအတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခု ဖြစ်ကြောင်း၊ နယ်မြေ တည်ငြိမ်အေးချမ်းမည်ဆိုပါက ခရီးသွားလုပ်ငန်းများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး လုပ်ငန်းများအတွက် လိုအပ်သည့် မြေနေရာများအား ဥပဒေနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ ဘားအံမြို့အတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်မှုကို တားဆီးကာကွယ်နိုင်ရေးအတွက် မြေပြင်ကွင်းဆင်းလေ့လာဆန်းစစ်မှုများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် လိုအပ်သည့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေများအား လုပ်ထုံးလုပ်နည်းများနှင့် အညီ ထပ်မံထုတ်ပေးသွားမည့် အခြေအနေများ၊ စပါးစိုက်ပျိုးရေးအတွက် သွင်းအားစုများ ပံ့ပိုးပေးလျက်ရှိမှု၊ ကရင်ပြည်နယ်အတွင်း မြေနိမ့်ကော်ဖီ (ရိုဘတ်စတာမျိုး) များ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်မှု၊ ငရုတ်ကောင်းစိုက်ပျိုးမှု တိုးတက်စေရေး အတွက်လည်း ဆောင်ရွက်စေလိုမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ လယ်ယာမြေများကို ဥပဒေနှင့်အညီ အသုံးပြုဆောင်ရွက်ရန်လိုအပ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သွင်းအားစုများ ရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်သည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးနှင့် အခြားလိုအပ်သည်များအား ဖြည့်ဆည်း ဆောင်ရွက် ပေးလျက်ရှိမှု၊ ကျေးလက်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိမှု၊ စက်မှုစိုက်ပျိုးမွေးမြူရေး သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ကရင်ပြည်နယ်အတွင်း သစ်ပင်သစ်တောများ တိုးတက်စေရေး ဆောင်ရွက်ပေးလျက်ရှိမှုနှင့် အခြားကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ကရင်ပြည်နယ် အေးချမ်းသာယာပြီး ငြိမ်းချမ်းပါစေကြောင်း၊ ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မကြာမီကာလအတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်တော့မည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြီးဆုံးပြီးချိန်တွင် ရွေးကောက်ခံကိုယ်စားလှယ်များနှင့် အစိုးရအသစ်ဖြင့် နိုင်ငံတော်တာဝန်ကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ လိုလားချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ပေါ်တွင် ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်ကြောင်း၊ ကောင်းမွန်သည့် ရွေးကောက်ခံကိုယ်စားလှယ်များဖြင့် ကောင်းမွန်သည့် နိုင်ငံရေးလမ်းကြောင်းကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **နယ်မြေတည်ငြိမ်အေးချမ်းမှုရှိသည့် ဒေသများတွင် တိုးတက်မှုများရရှိနိုင်မည်ဖြစ်သကဲ့သို့ တည်ငြိမ်အေးချမ်းမှုမရှိသည့် ဒေသများတွင် မည်သည့် နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနိုင်မည်မဟုတ်ကြောင်း၊**

နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သကဲ့သို့ ဒေသတွင်နေထိုင်သည့်သူများကလည်း အမှန်တကယ် အလုပ်လုပ်ရန် လိုအပ်ကြောင်း၊

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

အလားတူ ပညာရည်မြင့်မားရေးသည်လည်း မဖြစ်မနေလိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဖွဲ့စည်းပြီးချိန်တွင် **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့"၊ "နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"၊ "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့"**ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခုအနေဖြင့် အလုပ်လုပ်ကိုင်မှသာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းကို ဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အတတ်ပညာများ လိုအပ်ကြောင်း၊ အတတ်ပညာရှိရန်အတွက် အတန်းပညာများမြင့်မားရန်လိုအပ်သဖြင့် ပညာရည်မြှင့်တင်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရ အနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရည်အားနည်းသူများကို ကုန်ထုတ်စွမ်းအားမြှင့်တင်ရေးလုပ်ငန်းများတွင် အသုံးချနိုင်ရန်အတွက် သင်တန်းများ ဖွင့်လှစ် သင်ကြားပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSME) မှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား ကြည့်ရှုစဉ်။

### Polytechnic ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်

မိမိတို့နိုင်ငံတွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သည့် ကျောင်းသား ကျောင်းသူများ များစွာရှိကြောင်း၊ ၎င်းတို့အား နိုင်ငံတော်အတွက် မည်ကဲ့သို့ အသုံးချနိုင်မည်ကို စဉ်းစားဆောင်ရွက်ရန် လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့် တိုင်ပင်၍ သက်ဆိုင်ရာ ပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း။

တိုးတက်သည့် နိုင်ငံတိုင်းသည် ပညာတတ်များ ပေါကြွယ်ဝပြီး ရာနှုန်းပြည့်နီးပါးခန့် အဆင့်မြင့်ပညာများ တတ်မြောက်သည့် နိုင်ငံများဖြစ်သည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အခြေခံပညာအဆင့်၊ အလယ်တန်းပညာအဆင့်၊ အထက်တန်းပညာအဆင့်နှင့် အဆင့်မြင့်ပညာအဆင့်များအလိုက် ပြီးဆုံးမှုများမှာ ရာခိုင်နှုန်းအလိုက် နည်းပါးမှုရှိသည်ကို တွေ့ရကြောင်း၊ ကရင်ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများစွာရှိပြီး အမှန်တကယ် လုပ်ကိုင်နိုင်ကြရန်နှင့် နည်းစနစ်တကျဖြင့် ဆောင်ရွက်နိုင်ရန်လိုကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကရင်ပြည်နယ် လူငယ်စင်တာအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

ကရင်ပြည်နယ် အတွင်း တစ်ဧကအထွက်နှုန်း ပန်းတိုင်ရည်မှန်းချက် ပြည့်မီရေးအတွက် လိုအပ်လျက်ရှိနေသေးကြောင်း၊ ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဝမ်းစာဖူလုံမှုနှင့် ဒေသဝင်ငွေတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ငွေကြေးတန်ဖိုး တိုးတက်စေရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ စီပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရန်လိုကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံအတွင်း ငွေကြေးလည်ပတ်မှုများ တိုးတက်ကောင်းမွန်လာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်အတွင်း ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေး မောင်းနှင်အားနှင့် ကာကွယ်ရေး မောင်းနှင်အားများ လိုအပ်ကြောင်း၊ **နိုင်ငံရေးမောင်းနှင်အား ကောင်းမွန်မှသာ စီးပွားရေးမောင်းနှင်အား ကောင်းမွန်မည်ဖြစ်ပြီး စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာ ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းမွန်မှုသည် နိုင်ငံတစ်ခုအတွက် မဖြစ်မနေ အရေးကြီး**သည့် ကဏ္ဍမှပါဝင်သဖြင့် စီးပွားရေးအားကောင်းအောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း။

ကရင်ပြည်နယ် အတွင်း လယ်ယာမြေအများစု၌ ရေများဖုံးလွှမ်းလျက်ရှိသည်ကို တွေ့ရကြောင်း၊ ထိုသို့ ရေများဖုံးလွှမ်းလျက်ရှိခြင်းကြောင့် ဆောင်းသီးနှံများ အချိန်မီစိုက်ပျိုးရန်အတွက် အခက်အခဲရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ရေဖုံးလွှမ်းမှုများ လျော့နည်းစေရေးအတွက် နည်းလမ်းများရှာဖွေ၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ကရင်ပြည်နယ်အတွင်း ပုစွန်မွေးမြူရေး လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်နိုင်သဖြင့် ပိုမိုတိုးချဲ့ဆောင်ရွက်သွားမည်ဆိုပါက ဒေသအကျိုးအတွက် များစွာအထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ အလားတူ ဒေသအတွက်လိုအပ်သည့် အသား၊ ငါးနှင့်ဥများ ထုတ်လုပ်မှုတိုးတက်စေရေး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ထိုက်သင့်သည့် အသား၊ ငါး ဈေးနှုန်းများ ဖြစ်လာမည်ဖြစ်ကြောင်း။

ကရင်ပြည်နယ်အတွင်း ပညာရည်မြင့်မားစေရေး အတွက် တန်းစဉ်ကူးပြောင်းမှုများ မြင့်မားနေရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် အကြောင်းအမျိုးမျိုးအရ တန်းစဉ်ကူးပြောင်းမှုများ နည်းပါးနေသေးကြောင်း၊ ပညာရေးကို အားပေးမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အထက်တန်းပညာအဆင့် ပြီးဆုံးအောင် သင်ကြားနိုင်မှုမရှိသူများအတွက်လည်း အလုပ်အကိုင်များရရှိရေး ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ရှိပြီးသား လူသားအရင်းအမြစ်များ လုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင် နိုင်စေရေး သင်တန်းများဖွင့်လှစ်ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ ခရိုင်များအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် အထွက်နှုန်းများ တိုးတက်လာပြီး တောင်သူတစ်ဦးချင်း၏ ဝင်ငွေများတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်အတွင်း ပညာရည်ဖွံ့ဖြိုးတိုးတက်စေရေး အားလုံးကဝိုင်းဝန်း ဆောင်ရွက်သွားကြရန် လိုကြောင်း။

စာမျက်နှာ ၅ သို့ ☆

- **ကရင်ပြည်နယ်တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင်လုပ်ဆောင်နေသူများသည် ကရင်ပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများပင်ဖြစ်**
- **ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုကို ဖျက်ဆီးနေသည့် တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင် ဆောင်ရွက်နေမှုများကို ပြည်နယ်အတွင်းနေထိုင်ကြသူများအနေဖြင့် နည်းလမ်းပေါင်းစုံဖြင့် ကာကွယ်ဆောင်ရွက်သွားကြရန်လို**
- **အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် မြန်မာ-ထိုင်းနယ်စပ်အနီးရှိ KK park နေရာအား တပ်မတော်အနေဖြင့် ရှင်းလင်းဆောင်ရွက်နေပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အပြီးပြတ်ရှင်းလင်းဆောင်ရွက်သွားမည်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖွဲကပင် မိုးလုံလေလုံအားကစားရုံ တည်ဆောက်နေမှုလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

☆ စာမျက်နှာ ၄ မှ

ကရင်ပြည်နယ်သည် နိုင်ငံလွတ်လပ်ရေး ရပြီးချိန်ကတည်းက လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် တည်ငြိမ်အေးချမ်းမှုများပျက်ယွင်းပြီး ပြည်နယ်အတွင်းနေထိုင်သည့် ပြည်သူများ ထိခိုက်သကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း ထိခိုက်မှုများရှိကြောင်း၊ **ကရင်ပြည်နယ် တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင် လုပ်ဆောင်နေသူများသည် ကရင်ပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများပင်ဖြစ်**ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ပညာသင်ကြားနိုင်မည်၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖျက်ဆီးနေသည့် တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင် ဆောင်ရွက်နေမှုများကို ပြည်နယ်အတွင်း နေထိုင်ကြသူများအနေဖြင့် နည်းလမ်းပေါင်းစုံဖြင့် ကာကွယ်ဆောင်ရွက်သွားကြရန်လို**ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကရင်ပြည်နယ်အတွင်း ဒေသ တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင် လုပ်ဆောင်နေမှုများကို ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း၊ **အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစား လုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် မြန်မာ-ထိုင်းနယ်စပ်အနီးရှိ KK park နေရာအား တပ်မတော်အနေဖြင့် ရှင်းလင်း ဆောင်ရွက်နေပြီး အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အပြီးပြတ်ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်**ကြောင်း။

မကြာမီ ကာလအတွင်း လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအား လုံခြုံရေးပိုင်းဆိုင်ရာအရအပိုင်းသုံးပိုင်းခွဲ၍ ကျင်းပပြုလုပ်သွားမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရာတွင် မဲမသမာမှုများလုပ်ဆောင်၍ မရနိုင်သည့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များဖြင့် မဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် မဲမသမာမှုမဖြစ်စေရေးနှင့် ဆန္ဒမဲများပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံရေးစနစ်ကို ကျင့်သုံးရာတွင် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကို ဆောင်ရွက်ရမည်ဖြစ်ပြီး လူကိုအခြေခံသည့် ဖက်ဒရယ်စနစ် မဟုတ်ဘဲ ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ကျင်းပသည့် ရွေးကောက်ပွဲသည် သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ဆန္ဒမဲပေး ပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲများပေးရန်လိုကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်အနေဖြင့် မိမိတို့နိုင်ငံ၏ နည်းလမ်းတကျဖြစ်သည့် နိုင်ငံရေးစနစ်ဖြစ်စေရေး ရွေးကောက်ပွဲသည် အခြေခံဖြစ်သဖြင့် ရွေးကောက်ပွဲ အောင်မြင်စေရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း။

ဆန္ဒမဲပေးရာတွင်လည်း ဒေသအကျိုးကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်သူ၊ နိုင်ငံ့အကျိုးကို ဆောင်ရွက်ပေးနိုင်သူ၊ နိုင်ငံတော်မှတရားဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့် အတူတကွ ပူးပေါင်း၍ နိုင်ငံတော်၏ အကျိုးကိုဆောင်ရွက်နိုင်သည့် စိတ်ရှိသူ၊ မိမိတို့၏ အမျိုး၊ ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်လိုစိတ်ရှိသူ၊ ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သည့်သူများကို ရွေးချယ်နိုင်ရန်လိုကြောင်း။

**စိုက်ပျိုးရေး**

စိုက်ပျိုးရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကုန်းမြင့်ကော်ဖီများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသကဲ့သို့ မြေနိမ့်ကော်ဖီဖြစ်သည့် (ရိုဘက်စတာမျိုး)များ စိုက်ပျိုးဖြစ်ထွန်းသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ကော်ဖီများသည် ပြည်ပဈေးကွက်ဝင်ထုတ်ကုန်များ ဖြစ်ကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်အတွင်း စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် မြေနိမ့်ကော်ဖီများအား စိုက်ပျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ခြင်းဖြင့် ဒေသဝင်ငွေကို တိုးတက်စေမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ သရက်၊ ရော်ဘာ၊ ဒူးရင်း၊ ကွမ်းစသည့် စိုက်ပျိုးရေးခြံများ၌ မြေနိမ့်ကော်ဖီများကို သီးညှပ်အဖြစ် စိုက်ပျိုးသွားမည်ဆိုပါက ဒေသအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ကရင်ပြည်နယ်အတွင်း ဝါးများပေါများစွာထွက်ရှိသဖြင့် ဝါးကိုအခြေခံသည့် လက်မှုပစ္စည်းများ၊ ပျော့ဖတ်များကို ထုတ်လုပ်နိုင်ကြောင်း၊ ထိုသို့ဝါးပျော့ဖတ်များကို ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပမှ စက္ကူများ တင်သွင်းနေရမှုကို လျှော့ချနိုင်မည် ဖြစ်ကြောင်း၊ ရော်ဘာစိုက်ပျိုးမှုနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံမှထွက်ရှိသည့် ရော်ဘာများကို တရားမဝင်လမ်းကြောင်းများမှ ပြည်ပသို့တင်ပို့လျက်ရှိသဖြင့် နိုင်ငံတော်အနေဖြင့် ထိခိုက်မှုများရှိကြောင်း၊ ရော်ဘာများ ထုတ်လုပ်ရာတွင်လည်း အရည်အသွေး ပြည့်မီစွာဖြင့် ထုတ်လုပ်နိုင်ရန်လိုပြီး ပြည်နယ်အတွင်း၌ ရော်ဘာကိုအခြေခံသည့် စက်ဘီးနှင့် မော်တော်ဆိုင်ကယ်တာယာများကို ထုတ်လုပ်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ငရုတ်ကောင်း စိုက်ပျိုးရေးနှင့် ပတ်သက်၍ ဥယျာဉ်ခြံမြေများ၌ သီးညှပ်အဖြစ် စိုက်ပျိုးသွားမည်ဆိုပါက ဒေသဝင်ငွေကို တိုးတက်စေမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှ ဝင်ငွေများ တိုးတက်လာခြင်းဖြင့် ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပြီး ဒေသတွင်းစီးပွားရေးများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမှန်တကယ် အလုပ်လုပ်ကြရန်လိုကြောင်း၊ ထိုသို့အလုပ်လုပ်နိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် ပညာရေးအားပေးကြရန် မဖြစ်မနေလိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME)မှ ထွက်ရှိသည့် ထုတ်ကုန် ပစ္စည်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**လူငယ်စင်တာ**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် လူငယ်စင်တာသို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် ပြည်နယ်လူမှုရေးရာဝန်ကြီးက စင်တာတည်ဆောက်မှုဆိုင်ရာများ၊ သင်တန်းများ ဖွင့်လှစ်ခဲ့မှုနှင့် နည်းပညာရပ်ဆိုင်ရာ ဟောပြောပွဲများ ပို့ချပေးခဲ့မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စင်တာအား အကျိုးရှိရှိအသုံးချသွားရန်လိုပြီး ကရင်ပြည်နယ်အတွက်တိုက်ရိုက်အကျိုးဖြစ်စေနိုင်မည့် သင်တန်းများ၊ လုပ်ငန်းခွင်တွင် တိုက်ရိုက်အသုံးချနိုင်မည့် အတတ်ပညာ သင်ကြားပေးခြင်းများဖြစ်ရန်လိုကြောင်း၊ လူငယ်များသည် နောင်အနာဂတ်တွင် လူကြီးများ၏ တာဝန်များကို လွှဲပြောင်း ထမ်းဆောင်ကြမည့်သူများဖြစ်သဖြင့် သိသင့်သိထိုက်သည့်၊ တတ်သင့်တတ်ထိုက်သည့် အသိပညာ၊ အတတ်ပညာများ၊ နိုင်ငံ့အရေးများ၊ ခေါင်းဆောင်မှုပညာရပ်များကိုလည်း အခြေခံအားဖြင့် သင်ကြားပေးရန်လိုကြောင်း၊ စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာတတ်ပြီး အသိအမြင်ကောင်းစွာဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရေး ဆောင်ရွက်ပေးသွားရန် လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လူငယ်စင်တာအတွင်း လူငယ်များ Indoor Game များ လေ့ကျင့်နေမှု၊ လူငယ်စကားဝိုင်း ပြုလုပ်နေမှု၊ အိမ်တွင်းမှုလုပ်ငန်းများ သင်ကြားဆောင်ရွက်နေမှု၊ ဂီတခန်းအတွင်း ဂီတပညာများ သင်ကြားပေးနေမှု၊ ပန်းချီသင်တန်း သင်ကြားပို့ချပေးနေမှု၊ ကွန်ပျူတာနည်းပညာများ သင်ကြားပြသပေးနေမှု၊ စာကြည့်တိုက်အတွင်း လူငယ်များစာပေဖတ်ရှုလေ့လာနေမှုများနှင့် အိပ်ခန်းများနှင့် စားသောက်ခန်းတို့အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ်ဝင်းအတွင်းနှင့် ဘားအံမြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် လှာကမြင်ကွက်သစ်ရှိ ဖွဲကပင် မိုးလုံလေလုံအားကစားရုံ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက အားကစားရုံအား ဘဏ္ဍာရေးနှစ်အလိုက် တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ အခန်းများ ထည့်သွင်းဖွဲ့စည်း တည်ဆောက်ထားမှုအခြေအနေများ၊ ကျင်းပပြုလုပ်နိုင်သည့် အားကစားနည်းများနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက အားကစားရုံအား တည်ဆောက်ရာတွင် စနစ်တကျဖြစ်စေရေးနှင့် သတ်မှတ် စံချိန်စံညွှန်းများ ကိုက်ညီမှုရှိစေရေး စနစ်တကျဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ဖွဲကပင် မိုးလုံလေလုံအားကစားရုံ တည်ဆောက်နေမှုလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဖွဲကပင် မိုးလုံလေလုံအားကစားရုံ၏ တည်ဆောက်နေမှုကို တွေ့ရစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်လမြိုင်မြို့ကျက်သရေဆောင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ ညနေပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ကျက်သရေဆောင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော် ကြည်ညိုသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မော်လမြိုင်မြို့ ကျက်သရေဆောင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။

**နေဝင်ချိန်ရှုခင်းကြည့်ရှု**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညို၍ မော်လမြိုင်မြို့ ညနေ နေဝင်ချိန်ရှုခင်းအား ကြည့်ရှုသည်။

**ဖူးမြော်ကြည်ညို**

ထို့နောက် စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်သည်။

အလားတူ ယနေ့ညနေပိုင်းတွင် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မော်လမြိုင် ကမ်းနားလမ်းသို့ ရောက်ရှိပြီး ကမ်းနားလမ်းရှိ ညဈေးတန်း၌ ဒေသရိုးရာအစားအသောက်များ၊ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုပြီး ဈေးရောင်းချနေသူများနှင့် လာရောက်စားသုံးကြသည့် ပြည်သူလူထုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ထို့နောက် ကမ်းနားလမ်း မြစ်ကမ်းဘက်ခြမ်း၌ အားကစားပြုလုပ်ရန်နှင့် အပန်းဖြေရန် နေရာများပြုလုပ်သွားရန်နှင့် လမ်းအဆင့်မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ ကမ်းနားလမ်း တစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်လမြိုင် ကမ်းနားလမ်းရှိ ညဈေးတန်း၌ ဒေသရိုးရာ အစားအသောက်များ၊ ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချနေမှုများကို ကြည့်ရှုပြီး ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





# မြစ်ကြီးနားမြို့၌ ရိုးရာကောက်သစ်စားပွဲတော် ကျင်းပ၊ အမှတ်(၂) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပွဲပြုလုပ်

မြစ်ကြီးနား နိုဝင်ဘာ ၁၅

ကချင်ပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားတို့၏ ထင်ရှားသည့် ရိုးရာပွဲတော်တစ်ခုဖြစ်ပြီး နှစ်စဉ် ဆန်စပါးနှင့် ကောက်ပဲသီးနှံရိတ်သိမ်းပြီးချိန်တွင် ကျင်းပသည့် ရိုးရာကောက်သစ်စား (အင်လုံအင်နန်ရှား)ပွဲတော်ကို ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာ ယဉ်ကျေးမှုအသင်းချုပ်တို့ ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့ စီတာပူ မနောကွင်းအတွင်းရှိ မဂ္ဂယ်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင်များ တက်ရောက်ကြပြီး မနောကွင်းအတွင်း၌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ၊ ဝမ်ပေါင်ဘင်ခရာအဖွဲ့၊ ရိုးရာညွှန့်ကြိုအကအဖွဲ့နှင့် ဘင်ခရာပန်းဖွားအဖွဲ့တို့က ကြိုဆိုကြသည်။

ထို့နောက် ရိုးရာကောက်သစ်စားပွဲတော်မုခ်ဦး၌ ကက်သလစ်အသင်းတော် ဖာသာ ဒေါက်တာယုံဝါက အမွှေးနံ့သာရည်ပက်ဖျန်း၍ ကောင်းချီးတောင်းခံဆုတောင်းပေးပြီး ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့၏ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ မြန်မာနိုင်ငံကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်းချုပ်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဘာသာရေးအသင်းအဖွဲ့များမှ သိက္ခာတော်ရ ဆရာတော်များ၊ တိုင်းရင်းသားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ရိုးရာကောက်သစ်စား ကျေးဇူးတော်ချီးမွမ်းပွဲအခမ်းအနားကို ခန်းမ၌ ဆက်လက်ကျင်းပရာ ဝမ်ပေါင်ဘင်ခရာအဖွဲ့ ဦးဆောင်၍ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ကောက်ဦးပလိုင်းများကို သယ်ဆောင်နေရာချထားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ကောက်သစ်စားပွဲတော်၏ အနှစ်သာရဖြစ်သည့် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ဘိုးဘေးများ၏ရိုးရာဓလေ့ကို တန်ဖိုးထားထိန်းသိမ်းခြင်းနှင့် ဆန်ရေစပါးပေါကြွယ်ဝခြင်းကို ဖော်ဆောင်ပြီး တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ခြင်းကို ထုတ်ဖော်ပြသခြင်းဖြစ်သည့်အတွက် နိုင်ငံတော်အတွက်သာမက ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ထို့ကြောင့် ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှု၊ စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းသာယာဝပြောမှုတို့ ယခုထက် ပိုမိုတိုးတက်မြင့်မားလာပါစေကြောင်း ပြောကြားသည်။

ထို့နောက် ဘာသာရေးအသင်းအဖွဲ့များမှ ဖာသာများ၊ သိက္ခာတော်ရဆရာများက ဦးဆောင်၍ အဖွင့်ကျမ်းစာဖတ်ကြားခြင်း၊ ဆုတောင်းဆက်ကပ်ခြင်း၊ ဓမ္မတေးသီချင်းသီဆိုခြင်းနှင့် တိုင်းရင်းသားတိုင်းရင်းသူလေးများ၏ ကောက်ပဲသီးနှံ တေးကဗျာ ရွတ်ဆိုခြင်း၊ ဓမ္မဒေသနာတော် ဟောပြောခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကောက်ဦးပလိုင်းလက်ဆောင်များကို အခမ်းအနားတက်ရောက်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဗဟိုအကြံပေးအဖွဲ့ဝင်များနှင့် ဧည့်သည်တော်များထံ ပေးအပ်သည်။

ဆက်လက်၍ အစားအသောက်အတွက် ကျေးဇူးတော်ချီးမွမ်းခြင်း၊ ဓမ္မတေးသီချင်းသီဆိုခြင်းနှင့် ကောင်းချီးတောင်းခံ ဆုတောင်းဆက်ကပ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းကာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားမျိုးနွယ်စု စာပေယဉ်ကျေးမှုအသင်းအဖွဲ့များ၊ ဒေသခံတောင်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်များနှင့်အတူ တစ်နှစ်တာအတွင်း အဦးအဖျားရရှိသော ကောက်သစ်(ဆန်)ဖြင့် ချက်ပြုတ်ထားသော နေ့လယ်စာကို အတူတကွ ရင်းနှီးနွေးထွေးစွာ သုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် မြစ်ကြီးနားမြို့ အမှတ်(၂) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်ရာ သင်တန်းကျောင်းအစည်းအဝေးခန်းမ၌ ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် သင်တန်းကျောင်းအုပ်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ကချင်ပြည်နယ်ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးမှူးရုံးနှင့် သင်တန်းကျောင်းတို့မှ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ နယ်စပ်ဒေသရှိ ဝေးလံခေါင်ဖျားသောဒေသများမှ တိုင်းရင်းသားကျောင်းသား ကျောင်းသူများကို စုစည်း၍ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများတွင် တက်ရောက်ပညာသင်ကြားခွင့်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိပြီး သင်တန်းကျောင်းများမှ အခြေခံပညာတတ်မြောက်ပြီးပါက အဆင့်မြင့်ပညာရပ်များ ဆက်လက်သင်ကြားနိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးကို နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုလို ကျောင်းသားအရွယ်ကတည်းက တိုင်းရင်းသားတိုင်းကို ချစ်ခင်လေးစားတတ်ရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်မွေးရန် လိုအပ်ကြောင်း မှာကြားပြီး ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းဝင်းအတွင်းရှိ ကျောင်းသား ကျောင်းသူအိပ်ဆောင်များ၊ စားရိပ်သာများ၊ စာကြည့်တိုက်နှင့် ရာသီသီးနှံများစိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကချင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးရိပ်သာနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ အမှတ်(၁) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းအိပ်ဆောင်များနှင့် စားရိပ်သာတို့ကိုလည်းကောင်း၊ ရောရုပ်ကွက်အတွင်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာဝင်းအတွင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဝန်ထမ်းအိမ်ရာ လိုင်းခန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေစက်ရပ်ကွက်အတွင်းရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကချင်ပြည်နယ်ညွှန်ကြားရေးမှူးရုံးသို့ ရောက်ရှိပြီး ရုံးအတွင်းရှိ ဌာနေတိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်မှုပြသထားသော ပြခန်းကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဝန်ထမ်းများနှင့်တွေ့ဆုံရာ ပြည်နယ်တာဝန်ခံက ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ဦးစီးဌာနအလိုက် အရာထမ်း/အမှုထမ်းဝန်ထမ်းများက မိတ်ဆက်တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းနိုင်အောင် ကူညီဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုနှင့် ယုံကြည်မှုပျက်ပြားစေနိုင်သော အချက်များကို ဖော်ထုတ်ကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း မှာကြားပြီး ဝန်ထမ်းများအား ချီးမြှင့်ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဒီးမော့ဆိုမြို့နယ် ဒေါပိုးစီကျေးရွာ၌ ပြန်လည်ဝင်ရောက်နေထိုင်သည့် ပြည်သူများအား အိမ်ဆောက်ပစ္စည်းနှင့် ထောက်ပံ့ငွေများပေးအပ်

လွိုင်ကော် နိုဝင်ဘာ ၁၅

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ထေးငှားလျားကန်နှင့် ကန်ပတ်ဝန်းကျင်၊ ကန်ပတ်လမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်ဝန်ကြီးချုပ်က ကန်နှင့် ကန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ မြေယာရှုခင်း ပန်းအလှပင်များ စိုက်ပျိုးရေး၊ အများပြည်သူ စိတ်အေးချမ်းသာစွာ အနားယူ အပန်းဖြေနိုင်ရန် သန့်ရှင်းရေး ဆောင်ရွက်ရေး၊ ကျန်းမာရေး လေ့ကျင့်ခန်း ပြုလုပ်နိုင်ရန် Outdoor Fitness ပစ္စည်းများ ထားရှိရေး မှာကြားသည်။

**ကူညီဆောင်ရွက်ပေး**

ထို့နောက် ဒီးမော့ဆိုမြို့နယ် စံပြ(၆)မိုင်ကျေးရွာအုပ်စု ဒေါပိုးစီကျေးရွာသာသနာ့ရုံသီ ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာတွင် ပြန်လည် ဝင်ရောက်နေထိုင်ကြသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြန်လည်ဝင်ရောက်နေထိုင်သူများ၏ မူလအသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အမြန်ပြန်လည်လုပ်ကိုင်နိုင်ရေး လိုအပ်သည့် မျိုး၊ မြေဩဇာ၊ စိုက်ပျိုးရေးနှင့် မတည်ချေးငွေများ ရရှိအောင် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ မိမိတို့ရပ်ရွာကို ယခင်ကဲ့သို့ သာယာဖွံ့ဖြိုးလာအောင် ကျေးရွာနေ ပြည်သူများကလည်း ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားပြီး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ယင်းနောက် ဒေါပိုးစီကျေးရွာမှ နေအိမ်ထိခိုက် ပျက်စီးခဲ့သည့် ပြည်သူများ နေအိမ်ပြန်လည်ဆောက်လုပ်နိုင်ရန် ထောက်ပံ့ငွေနှင့် သွပ်များ၊ စောင်၊ ဆန်ရိက္ခာဖိုးငွေနှင့် ကယ်ဆယ်ရေးပစ္စည်း ၁၆ မျိုးတို့ကိုပေးအပ်ရာ ကျေးရွာကိုယ်စားလှယ်များက လက်ခံရယူကြပြီး ကျေးရွာနေပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ၂၀၂၅ ကိုရီးယား-အာဆီယံ မူဝါဒဖလှယ်ရေးအသိုက်အဝန်း၊ နိုင်ငံတကာအစိုးရ မူဝါဒဆိုင်ရာဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၅**

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Shangri-La Hotel ၌ နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပသည့် ၂၀၂၅ ကိုရီးယား-အာဆီယံ မူဝါဒဖလှယ်ရေးအသိုက်အဝန်း၊ နိုင်ငံတကာအစိုးရ မူဝါဒဆိုင်ရာဆွေးနွေးပွဲသို့ အဓိကဧည့်သည်တော်အဖြစ် တက်ရောက်၍ ဆွေးနွေးပွဲ၏ ဖွင့်ပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၁၃ ရက်က ပြုလုပ်သည့် မူဝါဒဆိုင်ရာဆွေးနွေးပွဲ၏ ပထမပိုင်း အစီအစဉ်တွင် Keynote Speaker အဖြစ် Korea-ASEAN Strategic Alliance Toward ASEAN Vision 2025 ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားရာတွင် ကိုရီးယားသမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား မိတ်ဖက်ဆက်ဆံရေးသည် အလွန်အရေးပါပြီး ဆယ်စုနှစ်များစွာတိုင်အောင် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် မဟာဗျူဟာမြောက် မဟာမိတ်ဖွဲ့ခြင်း၊ ရေတိုစီမံကိန်းများမှတစ်ဆင့် ရေရှည်မျှော်မှန်းချက်များချမှတ်နိုင်သည့် ဆက်ဆံရေးကို ပြောင်းလဲဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ အနာဂတ်ပူးပေါင်းဆောင်ရွက်မှု၏ အရေးကြီးသော နယ်ပယ်လေးခုဖြစ်သည့် စားနပ်ရိက္ခာဖူလုံရေး၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူကုန်ကူးမှု၊ တရားမဝင်မူးယစ်ဆေးဝါး၊ ဆိုက်ဘာရာဇဝတ်မှုနှင့် တရားမဝင်ကုန်သွယ်မှုကဲ့သို့သော နိုင်ငံတကာရာဇဝတ်မှုများ တိုက်ဖျက်ရေးတို့ကို အထူးအာရုံစိုက်၍ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ထို့ပြင် အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ဆောင်ရွက်ရာတွင် အဓိကအခန်းကဏ္ဍများဖြစ်သည့် စီးပွားရေး၊ နိုင်ငံရေး၊ လုံခြုံရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည့် နည်းလမ်းများကိုလည်း ထည့်သွင်းဆွေးနွေး အကြံပြုပြောကြားသည်။

၂၀၂၅ ကိုရီးယား-အာဆီယံ မူဝါဒဖလှယ်ရေးအသိုက်အဝန်း၊ နိုင်ငံတကာအစိုးရမူဝါဒဆိုင်ရာ ဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ သံအမတ်ကြီးများအပြင် ကိုရီးယားသမ္မတနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ မူဝါဒချမှတ်သူများ၊ နိုင်ငံတကာသုတေသီများနှင့် ပညာရှင်များအပါအဝင် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ယမန်နေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၉)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စိုက်ပျိုးရေးဝန်ကြီးများအစည်းအဝေး ပြည်ထောင်စုဝန်ကြီးဦးမင်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ ဖိတ်ကြားချက်အရ (၉)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စိုက်ပျိုးရေးဝန်ကြီးများ အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

**တက်ရောက်**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နိုဝင်ဘာ ၁၁ ရက် ညပိုင်းတွင် ချုံချင့်မြို့သို့ရောက်ရှိရာ ချုံချင့်မြူနီစပယ် ဒုတိယမြို့တော်ဝန်က ကြိုဆိုနှုတ်ဆက်ခဲ့ပြီး နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ချုံချင့်ပါတီအတွင်းရေးမှူး၏ ကြိုဆိုမိတ်ဆက် အခမ်းအနားကို HUALUXE Chongqing Science Hall Hotel ၌ ကျင်းပရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စိုက်ပျိုးရေးဝန်ကြီး ဦးဆောင်သော အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ၂၀၂၅ ခုနှစ် ကုန်း-ရေစင်္ကြံ အသစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်နှင့် ထောက်ပံ့ဆက်သွယ်ရေးပြပွဲ (2025 Land-Sea New Corridor Economic Development Forum and Logistic Expo) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြခန်းများကို ကြည့်ရှုလေ့လာသည်။




မွန်းလွဲပိုင်းတွင် (၉)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးများအစည်းအဝေးကိုကျင်းပရာ ပြည်ထောင်စုဝန်ကြီးသည် အာဆီယံနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ဝန်ကြီး Ms. Sun Meijun နှင့် ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီးက အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုနယ်ပယ် (၃.၀)၏ အဆင့်မြှင့်တင်ရေး ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ အပင်နှင့်တိရစ္ဆာန်ကျန်းမာရေးနှင့် လယ်ယာထွက်ကုန်များ ကုန်သွယ်မှုလွယ်ကူ ချောမွေ့ရေးတို့တွင် အရေးပါသော အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအရေးပေးဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ အာဆီယံ-တရုတ် အပင်နှင့်တိရစ္ဆာန်ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ် ၂၀၂၆-၂၀၂၇အတွက် မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံပါကြောင်း၊ အာဆီယံ တစ်ခုတည်းသော ပြတင်းပေါက်စနစ် (ASEAN Single Window-ASW)မှတစ်ဆင့်အီလက်ထရောနစ် SPS (e-SPS) လက်မှတ်များ ဖလှယ်ခြင်းကဲ့သို့ ဒစ်ဂျစ်တယ်နည်းပညာများ တီထွင်ဖန်တီးခြင်းနှင့် အကောင်အထည်ဖော်ခြင်းတွင် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ခြင်းသည် အဖွဲ့ဝင်နိုင်ငံအားလုံးအတွက် လယ်ယာထွက်ကုန်များ ကုန်သွယ်မှုလွယ်ကူချောမွေ့ရေးတွင် ပွင့်လင်းမြင်သာမှုနှင့် ထိရောက်မှုကို သိသိသာသာ တိုးတက်စေမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချုံချင့်မြို့နယ် ကျန်ကျင်းမြို့ရှိ ဟွာကျောင်း(မက်ခါ) သီးနှံစိုက်ခင်းနှင့် ဆန်းကစ်သီး စိုက်ခင်းများကို လေ့လာကြည့်ရှုခဲ့ပြီး အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် နိုဝင်ဘာ ၁၂ ရက်တွင် ကျင်းပသည့် (၉)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ်များ အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့မှ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် အတူ ပူးတွဲသဘာပတိအဖြစ် ဆွေးနွေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

**သဘောတူညီမှုရရှိ**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) ဒုတိယဝန်ကြီး Mr. Zhao Zeng Lian ဦးဆောင်သောအဖွဲ့နှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံမှ ပဲတီစိမ်းတင်ပို့သည့် ကုမ္ပဏီ ၂၅ ခုနှင့် ငှက်ပျောတင်ပို့သည့် ကုမ္ပဏီခုနစ်ခုတို့ကို ပိုးသတ်ဆေး ဓာတ်ကြွင်းပမာဏကြောင့် တင်ပို့ခွင့်ယာယီရပ်ဆိုင်းထားသည့်အတွက် ဖြေလျှော့ပေးရန် ဆွေးနွေးမှုအပေါ် ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း သဘောတူညီမှုရရှိခဲ့သည်။

ထို့ပြင် လက်မှတ်ရေးထိုးရန် ပေးပို့ထားသည့် Protocol များနှင့် စပ်လျဉ်း၍ GACC ၏ သက်ဆိုင်ရာ သီးနှံ၊ အသား၊ ငါးကဏ္ဍအလိုက် ညွှန်ကြားရေးမှူးချုပ်များနှင့် ဆက်လက် ဆောင်ရွက်ပေးရန် ဆွေးနွေး ညှိနှိုင်းသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ငှက်သိုက်တင်ပို့မှု လုပ်ငန်းစဉ်အတွက် လိုအပ်သော အထူးသဘောတူညီချက်နှင့်စပ်လျဉ်း၍ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း GACC ဘက်မှ ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဗိုလ်တထောင်မြို့နယ်၌ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် နိုဝင်ဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်တွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူးပြီး ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပသည်။

**ဟောပြောဆွေးနွေး**

ထိုသို့ဆောင်ရွက်ရာတွင် ဗိုလ်တထောင်မြို့နယ် ရေသန့်တာဝန်ခံ ဒေါ်ထွေးထွေးတင့်က ရေနှင့်သန့်ရှင်းမှုဆိုင်ရာအကြောင်း သိကောင်းစရာများနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဟေမာဇော်က ပတ်ဝန်းကျင်တွင် ရေမသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရောဂါအန္တရာယ်များမှ ကင်းဝေးရန်အတွက် သန့်ရှင်းစွာနေထိုင်မှုစနစ်များကို ဟောပြောဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် တာဝန်ရှိသူများက အမှတ်(၁)ရပ်ကွက် မီးပြင်းအတွင်း ရေဖြန့်ဝေပေးနေသည့် ရေလှောင်ကန်များနှင့် ရေငုတ်များအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **ခင်ဝင်း(ပြန်/ဆက်)**



# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

**ရွေးကောက်ပွဲ ကျင်းပရန်**

**၄၂ ရက်**

**သာ လိုတော့သည်။**

## ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အစီအစဉ်ဖြင့် အသိပညာပေးနှိုးဆော်ရေး ရွေးကောက်ပွဲလှုံ့ဆော်တေး ရိုက်ကူးနေမှု ကြည့်ရှုအားပေး

**ရန်ကုန် နိုဝင်ဘာ ၁၅**

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိမြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရန်အတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်နေမှုတွင် မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) အစီအစဉ်ဖြင့် အသိပညာပေးနှိုးဆော်ရေး ရွေးကောက်ပွဲ လှုံ့ဆော်တေး ရိုက်ကူးနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)မှ ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် တာဝန်ရှိသူများ၊ ရွေးကောက်ပွဲ လှုံ့ဆော်တေးသီချင်းရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ကြမည့် ဂီတ အနုပညာရှင်များအား ရင်းရင်း နှီးနှီး နှုတ်ဆက်သည်။

ထို့နောက် "အနာဂတ်မျှော်ရည် မဲပေးမည်" သီချင်းခေါင်းစဉ်ဖြင့် နာမည်ရတေးသံရှင်များ ဖြစ်ကြသည့် ရဲထိုက်၊ ကိုလတ်၊ ကြည်ဖြူခင်၊ ရွှေဖြူ၊ မို့မို့ကျော်လွင်၊ ခင်လပြည့်ဝန်းနှင့် ပုလဲသန့်သွယ်တို့ စုပေါင်း၍ သီဆိုမှု၊ ရိုက်ကူးရေးဆောင်ရွက်မှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားကာ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

အဆိုပါလှုံ့ဆော်တေးသီချင်းကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) နှင့် အကော်ဒီယံ အောင်မင်းနိုင်တို့က ရေးသားပြီး ဂီတမှူးအကယ်ဒမီ ဝင်းကိုနှင့်အဖွဲ့က တီးခတ်အသံသွင်းကာ ယနေ့တွင် ရိုက်ကူးရေးဆောင်ရွက်ခြင်း ဖြစ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ဂီတအစည်းအရုံး ( ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် တာဝန်ရှိသူများ၊ ရွေးကောက်ပွဲ လှုံ့ဆော်တေးသီချင်း ဖျော်ဖြေကြမည့် တေးသံရှင်များနှင့် တွေ့ဆုံပြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်သူများ လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မှန်ကန်စွာ အသိပညာပေးနိုင်ရေး၊ ဆန္ဒမဲပေးခွင့်ရှိသော ပြည်သူများအနေဖြင့် မဲပေးခွင့်မဆုံးရှုံးစေရေးနှင့် နိုင်ငံနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မည့် သူများအား မှန်ကန်စွာ ရွေးချယ်မဲပေးနိုင်ရေးတို့အတွက် အနုပညာရှင်များက ယခုကဲ့သို့ ဆန္ဒအလျောက် တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုအပေါ် ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ အနုပညာရှင်များအနေဖြင့်လည်း ပြည်သူချစ်သော အနုပညာရှင်များအဖြစ် အစဉ်အမြဲ



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ရွေးကောက်ပွဲလှုံ့ဆော်တေး ရိုက်ကူးနေမှုကို ကြည့်ရှုအားပေးစဉ်။

ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားကာ လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်း ကလည်း ပြည်ထောင်စုဝန်ကြီးသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များအသင်း(MPPA) နှင့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက ပုံနှိပ်ခြင်းလုပ်ငန်းနှင့် ထုတ်ဝေခြင်း လုပ်ငန်းများသည် မီဒီယာလောကအတွက် အရေးကြီးသည့် လုပ်ငန်းများဖြစ်သည်ဟု ခံယူထားပါကြောင်း၊ စာရေးသူများ ခံစားတင်ပြလိုသည့် အကြောင်းအရာများကို ပုံနှိပ်ထုတ်ဝေသူများက စာဖတ်သူ ပြည်သူများထံသို့ ရောက်ရှိအောင် ဆောင်ရွက်ပေးရသည့် လုပ်ငန်းဖြစ်သည့်အတွက် အရေးပါသည်ဟု ပြောကြားလိုပါကြောင်း၊ ယနေ့အချိန်တွင် စာပေထုတ်ဝေမှု လုပ်ငန်းများကို ကြိုတင်စိစစ်မှုမရှိတော့ဘဲ မိမိတို့၏ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့်ပြုထားပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ စာပေလောက ဖွံ့ဖြိုး တိုးတက်ရေးအတွက် ထုတ်ဝေခြင်းလုပ်ငန်းရှင် ၅၃၅ ဦး၊ ပုံနှိပ်လုပ်ငန်းရှင် ငါးဦး၊ သတင်း အေဂျင်စီလုပ်ငန်းရှင် ၃၇ ဦးတို့အား လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များ ခွင့်ပြုပေးထားပါကြောင်း၊ ယနေ့အချိန်သည် နိုင်ငံတော်အတွက် အရေးပါသည့် အချိန်ကာလတစ်ခု ဖြစ်သည့်အတွက် ပြည်သူများ အသိပညာမြင့်မားစေမည့်၊ ရွှင်ပြုံးအပန်းပြေစေမည့် စာကောင်းပေမွန်များကို ထုတ်ဝေပေးကြပါရန်နှင့် ပြည်သူများ အတွေးအမြင်လွဲမှားစေမည့် စာပေအဆိပ်သင့်မှုများ မရှိစေရန်အတွက် ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်ပေးကြစေလိုပါကြောင်း၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်းအနေဖြင့် နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းများတွင် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးကြပါရန်နှင့် ပုံနှိပ်လုပ်ငန်းများ၊ ထုတ်ဝေရေးလုပ်ငန်းများကို ဥပဒေစည်းကမ်းများအတိုင်း လိုက်နာနိုင်ရေး ကြပ်မတ် ဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူလုပ်ငန်းရှင်များ အသင်း(MPPA) ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်နှင့် တက်ရောက်လာကြသူများက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးမြို့၌ မြန်မာသတင်းမီဒီယာသမားများအတွက် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်စာအုပ်မိတ်ဆက် ဖြန့်ဝေခြင်းအခမ်းအနား ကျင်းပ

**မန္တလေး နိုဝင်ဘာ ၁၅**

မြန်မာ သတင်းမီဒီယာသမားများအတွက်၂၀၂၅ ခုနှစ်အထွေထွေ ရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန် စာအုပ် မိတ်ဆက်ဖြန့်ဝေခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်



နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးကျော်သန်းထွန်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ဦးကြည်ညွန့်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် သတင်းမီဒီယာသမားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက စာအုပ်ဖြန့်ဝေရခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်က စာအုပ်ဖြစ်မြောက်ရေးအတွက် စီစဉ်ဆောင်ရွက်ခဲ့မှုများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်က ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်စာအုပ်များကို ပေးအပ်ရာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ စာအုပ်တွင် မြန်မာသတင်းမီဒီယာသမားများအတွက် အထွေထွေရွေးကောက်ပွဲဆိုင်ရာ လမ်းညွှန်များ၊ သိမှတ်ဖွယ်ရာများ၊ ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် သတင်းရယူခွင့်လျှောက်ထားနိုင်ခြင်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့် မှတ်ပုံတင်ခွင့်ပြုပြီး တည်ဆဲနိုင်ငံရေးပါတီများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်များနှင့် လိပ်စာများ ပါဝင်ပြီး အဆိုပါလမ်းညွှန်စာအုပ်ကို နိုင်ငံတစ်ဝန်းရှိ သတင်းမီဒီယာသမားများထံ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှတစ်ဆင့်ဆက်လက်ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **မောင်အေးချမ်း**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် မြစ်ကြီးနားမြို့၌ Polytechnic ကျောင်း ဖွင့်လှစ်နိုင်ရေး ပြည်နယ်အစိုးရအဖွဲ့ရုံး၌ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၅**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယမန်နေ့က ကွန်ပျူတာတက္ကသိုလ်(မြစ်ကြီးနား)နှင့် အစိုးရနည်းပညာအထက်တန်းကျောင်း(မြစ်ကြီးနား)တို့သို့ ရောက်ရှိပြီး သက်ဆိုင်ရာကျောင်းရှိ သင်ကြားရေးဆရာ ဆရာမများ၊ စီမံဝန်ထမ်းများနှင့် တွေ့ဆုံကာ ဆရာ ဆရာမများအနေဖြင့် ပြည်နယ်အတွက် အထောက်အပံ့ဖြစ်စေမည့် လုပ်ငန်းကိစ္စများ အပါအဝင် ကျောင်းသား ကျောင်းသူများအား ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာများတွင် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဗလငါးတန်နှင့်ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်အောင် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။




ထို့နောက် နည်းပညာတက္ကသိုလ်(မြစ်ကြီးနား) သို့ရောက်ရှိခဲ့ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် Polytechnic University(မြစ်ကြီးနား) ကို အောင်မြင်စွာ အကောင်အထည်ဖော် ဖွင့်လှစ်နိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြည်နယ်အစိုးရက တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့်လည်း အရည်အချင်းပြည့်ဝသည့် ကျောင်းသား ကျောင်းသူများ မွေးထုတ်နိုင်ရေးအတွက် စနစ်တကျ သင်ကြားဆောင်ရွက်ရန်လိုအပ်ကြောင်း မှာကြားကာ ဆရာ ဆရာမများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့၌ Polytechnic ကျောင်းဖွင့်လှစ်ရေးနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးရှိ မလိခခန်းမတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ မြစ်ကြီးနားမြို့ရှိ တက္ကသိုလ်၊ ကျောင်းများမှတာဝန်ရှိသူများ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိတက္ကသိုလ်၊ကျောင်းများမှကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံဆွေးနွေးကာ မြစ်ကြီးနားမြို့အတွက် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုမည့် လုပ်ငန်းခွင်နှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် တက္ကသိုလ်ဝင်တန်းမအောင်မြင်သူများ တက်ရောက်နိုင်သည့် Level 4 သင်တန်းများ ဖွင့်လှစ်နိုင်ရေး အတွက် ညှိနှိုင်းပေါင်းစပ်ဆွေးနွေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



**စစ်တွေ နိုဝင်ဘာ ၁၅**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စစ်တွေမြို့ ရှုခင်းသာလမ်း ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနရုံး အနောက်ဘက်ရှိ မြေကွက်လပ်၌ အများပြည်သူ နားနေနိုင်ရန် ကွန်ကရစ်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေးပြီး အများပြည်သူ နားနေနိုင်ရန် စီစဉ်ဆောင်ရွက်နိုင်ရေး၊ ရေဝင်ရေထွက်ကောင်းမွန်ရေး စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ရှုခင်းသာလမ်းအပိုင်း(၃) ပွိုင့်အပန်းဖြေစခန်းဘက်ခြမ်းတွင် ရေတားနံရံဘေး တစ်လျှောက် ဒီရေလှိုင်းဒဏ်ကာကွယ်စေရန် Tetrapod အလုံး ၂၀၀ အသင့်ပြုလုပ်ပြီး နေရာချထားခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် Tetrapod များအား စက်ယန္တရားအင်အား၊ လူအင်အားများအသုံးပြုကာ နေရာချထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက ၂၀၂၄-၂၀၂၅ အတွင်း ရှုခင်းသာလမ်းအပိုင်း(၃) ပွိုင့်အပန်းဖြေစခန်းဘက်ခြမ်းတွင် ရေတားနံရံဘေး တစ်လျှောက် ဒီရေလှိုင်းဒဏ်ကာကွယ်စေရန် Tetrapod အလုံး ၃၀၀ အသင့်ပြုလုပ်ပြီး နေရာချထားခဲ့မှုနှင့် ယခုနှစ်တွင် Tetrapod အလုံး ၂၀၀ အသင့်ပြုလုပ်ပြီး နေရာချထားမှုတို့ကို ရှင်းလင်းတင်ပြ၍ ပြည်နယ် သယံဇာတရေးရာဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေး၊ ဒီရေလှိုင်းအန္တရာယ် ကာကွယ်နိုင်ရန် စနစ်တကျ ဆောင်ရွက်နိုင်ရေး၊ ကမ်းခြေပတ်လမ်း တိုးချဲ့ရန် စနစ်တကျ နေရာချထားဆောင်ရွက်ရေးနှင့် ဒီရေအတက်အကျ၊ ရာသီဥတု အခြေအနေအပေါ် ဆောင်ရွက်ရသည့် အတွက် သတ်မှတ်ကာလအတွင်း ပြီးစီးရေး မှာကြားခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# မင်းလှမြို့နယ်၌ တိုးချဲ့ကျောင်းဆောင်သစ် ဖွင့်လှစ်

**မင်းလှ နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် ဝက်လှကလေးကျေးရွာတွင် ဝက်လှကလေးအခြေခံပညာမူလတန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ကြည်ကြည်ချိုက တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နွဲ့နွဲ့က ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးတင့်ထူးနှင့် အဖွဲ့ဝင် ဦးလှဋ္ဌေး၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးတို့က ဝက်လှကလေး အခြေခံပညာမူလတန်းကျောင်း RCC တစ်ထပ်တိုးချဲ့ ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်- နိုင်ငံတကာ ကုန်စည်ပြပွဲ ၂၀၂၅ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၅**

နိုင်ငံတကာမှ ထုတ်ကုန်များနှင့် နည်းပညာတိုးတက်မှု အသစ်များကို တစ်နေရာတည်းမှာ စုစည်းတင်ဆက်ပြသထားသည့် ရန်ကုန် - နိုင်ငံတကာ ကုန်စည်ပြပွဲ ၂၀၂၅ ကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ အင်းယားလိပ် ဟိုတယ်ဝင်းအတွင်းရှိ Yangon Convention Center တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



**မိတ်ဆက်ပေး**

အဆိုပါ ကုန်စည်ပြပွဲတွင် လယ်ယာသုံး စက်ယန္တရားများဖြစ်သည့် ထွန်စက်များ၊ ဆန်စက်များ၊ ဆီစက်များနှင့် မြေသြဇာများ၊ ထုပ်ပိုးမှု စက်ယန္တရားများ၊ ကုန်စည် ပို့ဆောင်ခြင်းနှင့် သိုလှောင်ခြင်း၊ အအေးခန်း သိုလှောင်ခြင်းများ အပြင် Renewable Energy Technology, Solar Panel, Battery, Inverters & Transformerများ၊ ခါတ်ဆီ၊ ဒီဇယ်များ၊ CNG Generator များ၊ မော်တော်ယာဉ်နှင့် အပိုပစ္စည်းများကို တစ်နေရာတည်းတွင် ခင်းကျင်းပြသရောင်းချပေးထားသည့် အပြင် MSME ပြည်တွင်းထုတ်ကုန်များကို ထည့်သွင်း ရောင်းချပေးထားပြီး နေရာအစုံမှ စားသုံးသူများထံသို့ အရောက် ရောင်းချပေးနိုင်မည့် The Best E-Commerce Application ကိုလည်း မိတ်ဆက်ပေးထားကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ကျိုက်လတ်မြို့နယ်၌ မီးဘေးအန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေး



**ကျိုက်လတ် နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်စေရန် နိုဝင်ဘာ ၁၃ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးမှုတွင် ဒုတိယမီးသတ်ဦးစီးမှူး ဦးကျော်စွာဝင်းနှင့် ဝန်ထမ်းများက မြို့နယ်အတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့် စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုနှင့် မီးဘေးလုံခြုံရေးဆိုင်ရာ သတိပြုလိုက်နာရမည့်အချက်များကို အကြံပြု ညွှန်ကြားခဲ့ကြောင်း သိရသည်။

**လှိုင်မင်းအောင်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပီတန်း၊ အလေးမနှင့် ဂျူဒိုအားကစားသမားများ၏ လေ့ကျင့်နေမှု လိုက်လံကြည့်ရှုအားပေး



နေပြည်တော် နိုဝင်ဘာ ၁၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ဦးဇင်မင်းထက်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦး၊ တာဝန်ရှိသူတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒီဇင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက် ချွန်ဘူရီနှင့် ဆုန်ခလာမြို့များတွင် ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် နေပြည်တော်တွင် စခန်းဝင်လေ့ကျင့်လျက်ရှိသည့် ပီတန်း၊ အလေးမနှင့် ဂျူဒို အားကစားသမားများ၏ လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပီတန်းလေ့ကျင့်ရေးကွင်း၌ လေ့ကျင့်လျက်ရှိသည့် ပီတန်းအားကစားနည်းမှ (အမျိုးသား/အမျိုးသမီး) Shooting၊ Mixed Double နှင့် Mixed Triple အမျိုးအစားအလိုက် အားကစားသမားများ၏ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများအားတွေ့ဆုံ၍ မိမိတို့ယခုရရှိထားသည့် ရမှတ်များထက် ပိုမိုကောင်းမွန်သည့် ရမှတ်များရရှိအောင် အခြေခံနည်းစနစ်များနှင့် စိတ်ပိုင်းဆိုင်ရာ လေ့ကျင့်ခန်းများကို ကျွမ်းကျင်ပိုင်နိုင်မှုရှိရန် ကြိမ်ဖန်များစွာ လေ့ကျင့်သွားရန်လိုကြောင်း၊ ယခင်ရရှိခဲ့သည့် အောင်မြင်မှုများတွင် ကျေနပ်နှစ်သိမ့်မနေဘဲ မကြာမီကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မျှော်မှန်းထားသည့်အတိုင်း အောင်မြင်မှုများရရှိအောင် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယများဖြင့် ကြိုးစားအားထုတ်သွားရန်လိုကြောင်း၊ နောက်ဆုံးအကြိမ် လက်ရည်စမ်းပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအားမှာကြားပြီး အားကစားသမားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အလေးမလေ့ကျင့်ရေးရုံ၌ လေ့ကျင့်လျက်ရှိသည့် အလေးမ အားကစားသမားများ၏ ဝိတ်တန်းများအလိုက် လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးပြီး မိမိတို့ရရှိထားသည့် စံချိန်ထက် သာလွန်ကောင်းမွန်စွာဖြင့် စံချိန်သစ်များရရှိခဲ့သည့် အားကစားသမားများနှင့် အုပ်ချုပ်/နည်းပြများအား ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ပြီး ပြိုင်ပွဲကာလနီးကပ်လာပြီဖြစ်၍ ပြိုင်ပွဲတွင် စံချိန်သစ်များ ထပ်မံတင်နိုင်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးစားသွားကြရန်နှင့် ထိခိုက်ဒဏ်ရာများမရရှိအောင် အထူးဂရုစိုက်လေ့ကျင့်သွားကြရန် မှာကြားသည်။

ထို့နောက် ဂျူဒိုလေ့ကျင့်ရေးရုံ၌ ဂျူဒိုအားကစားသမားများနှင့် အုပ်ချုပ်/နည်းပြများ အားတွေ့ဆုံ၍ ဆုတံဆိပ်များရရှိအောင် အချင်းချင်း စည်းစည်းလုံးလုံးဖြင့် ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း၊ ပြိုင်ပွဲကာလနီးကပ်လာပြီဖြစ်၍ ကျန်းမာရေးအထူးဂရုစိုက်ရန်နှင့် အိပ်ရေးဝဝအိပ်ရန်လိုအပ်ကြောင်း၊ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်မှုရှိမှသာ လေ့ကျင့်မှုပြုလုပ်ရာတွင် မိမိလိုသလို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အောင်မြင်မှုအခြေခံ "စ"ခုနစ်လုံးဖြစ်သည့် "စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းအား၊ စည်းလုံးမှု၊ စံချိန်၊ စံညွှန်းနှင့် စံနှုန်း" များ ကောင်းမွန်ပိုင်နိုင်အောင် ကြိုးစားလေ့ကျင့်သွားရန်လိုကြောင်း၊ ယခင်အောင်မြင်မှုများကို မေ့ထားပြီး ပစ္စုပ္ပန်နှင့် အနာဂတ်တွင် ဂျူဒိုအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ပြီး အောင်မြင်မှုဆုတံဆိပ်များရရှိအောင် ဝိုင်းဝန်းပူးပေါင်း ကြိုးစားဆောင်ရွက်သွားကြရန်နှင့် လူတိုင်းတွင် စိန်ခေါ်မှု၊ ကန့်သတ်ချက်၊ လိုလားချက်များစွာရှိသော်လည်း အမြဲတမ်း အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားရန် တိုက်တွန်းမှာကြားပြီး အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင် ညောင်ရွှေမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတိုးမြှင့်ဆောင်ရွက်နိုင်ရန် ဒေသခံပြည်သူများနှင့်တွေ့ဆုံ



ညောင်ရွှေ နိုဝင်ဘာ ၁၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ဘန်းပြင်ကျေးရွာအုပ်စု နန်းတက်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ဦးစွာ နန်းတက်ကျေးရွာ ဘုန်းတော်ကြီး ကျောင်း ကျောင်းထိုင် ဆရာတော်နှင့် သံဃာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်၏ မူဝါဒနှင့်အညီ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးမည်ဖြစ်ပြီး ဒေသခံပြည်သူများ အနေဖြင့် ဒေသလိုအပ်ချက်များကို တင်ပြကြရန် ပြောကြားသည်။

ယင်းနောက် ကျေးရွာများမှ ပြည်သူများက ဒေသလိုအပ်ချက်များတင်ပြကြရာ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ရေထွက်ရှိသည့် နေရာများတွင် ရေခန်းခြောက်မှု မရှိစေရေး ထိန်းသိမ်းပေးရန်နှင့် ရေထွက် ပတ်ဝန်းကျင်တွင် သစ်ပင်များ စိုက်ပျိုးကြရန်နှင့် ပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်တင်ပြမှုများအပေါ် ဦးစားပေးအလိုက် ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းဖွင့်ပွဲ ကျင်းပ


ဟင်္သာတ နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ကုန်းကြီးကျေးရွာ၌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ကွန်ကရစ် Wheel Track လမ်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

လမ်းဖွင့်ပွဲအခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်မင်း၊ ညွှန်ကြားရေးမှူး ဦးနေထက်ရှိန်၊ ဟင်္သာတခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းတို့က ကွန်ကရစ် Wheel Track လမ်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး လမ်းသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ကုန်းကြီးကျေးရွာ ကွန်ကရစ် Wheel Track လမ်းအား စီမံကိန်းထောက်ပံ့ငွေကျပ် ၁၅ သန်း၊ ဒေသခံပြည်သူထည့်ဝင်ငွေကျပ် ၅ သန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာများ အသိပညာပေးဟောပြော



ရွှေပြည်သာ နိုဝင်ဘာ ၁၅

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင်ရုံးမှ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက ရွှေပြည်သာမြို့နယ် အမှတ်(၁၄)အခြေခံပညာအလယ်တန်းကျောင်းတွင် အသိပညာပေးဟောပြောသည်။

ဟောပြောပွဲတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အင်းစိန်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးသိန်းအေးထွန်းက ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍ ဆောင်ရန်/ရှောင်ရန်အချက်များနှင့် တိုင်းဒေသကြီး(ရုံးခွဲ) ရွာသာကြီးမှ စစ်ဆေးရေးမှူး(၃) ဦးထက်မြတ်စိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ထုတ်ပြန်ထားသော စည်းကမ်းချက်များနှင့် သတိပြုလိုက်နာရမည့် မီးပွိုင့်များအကြောင်း၊ Road Sign များအကြောင်းကို အသိပညာပေးရှင်းလင်းဟောပြောပြီး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကာ တက်ရောက်လာကြသူများကလည်း ပြသထားသည့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးနံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**နေမျိုးထွန်း(ရွှေပြည်သာ)**



**ပုသိမ်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များမီးဘေးလုံခြုံမှုရှိစေရေးအတွက် ပုသိမ်ခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်သူရ ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၁၂ ရက်တွင် စက်သုံးဆီအရောင်းဆိုင်များအား ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။**

မေချို

# ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာစာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ (၈) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့တက်ရောက်၊ အဆိုပါအဖွဲ့၏ စာရင်းစစ်အဖြစ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအား အတည်ပြုခန့်အပ်

နေပြည်တော် နိုဝင်ဘာ ၁၅

စင်ကာပူနိုင်ငံ၌ နိုဝင်ဘာ ၁၂ ရက်မှ ၁၄ ရက် အထိ ကျင်းပသည့် အရှေ့တောင်အာရှနိုင်ငံများ ဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEANSAI) ၏ (၈) ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။




ထိပ်သီးအစည်းအဝေးတွင် စင်ကာပူနိုင်ငံဝန်ကြီးချုပ်ရုံး ဝန်ကြီး Ms. Indranee Rajah က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီးASEANSAI ကော်မတီအသီးသီး၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်လုပ်ငန်းတိုးတက်မှုအစီရင်ခံစာ၊ ၂၀၂၆-၂၀၂၉ ခုနှစ် မဟာဗျူဟာစီမံချက်၊ ပြင်ဆင်ထားသော ASEANSAI စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ASEANSAI သင်တန်းပို့ချရေးမူဘောင်၊ ၂၀၂၅-၂၀၂၇ ခုနှစ်အတွက် ASEANSAI ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ အတည်ပြုခန့်အပ်ခြင်း၊ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်များအတွက် ASEANSAI ၏ ဘဏ္ဍာရေးရှင်းတမ်းများ စစ်ဆေးမည့်စာရင်းစစ်အဖြစ် မြန်မာနိုင်ငံ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအား အတည်ပြုခန့်အပ်ခြင်း၊ ၂၀၂၆-၂၀၂၇ ခုနှစ်အတွက် ကော်မတီ (၃) ရပ်တို့၏ ဥက္ကဋ္ဌများ အတည်ပြုခန့်အပ်ခြင်း၊ ASEANSAI ကော်မတီများနှင့် အတွင်းရေးမှူးချုပ်တို့၏ ၂၀၂၆-၂၀၂၇ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်များ၊ ၂၀၂၆-၂၀၂၇ ခုနှစ် ASEANSAI လုပ်ငန်းများအတွက် အဆိုပြုဘတ်ဂျက်များအတည်ပြုခြင်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာအစီရင်ခံစာအပေါ် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါထိပ်သီးအစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEANSAI)၏ စာရင်းစစ်အဖြစ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအား ခန့်အပ်မှုအတွက် ဝမ်းမြောက်မိပါကြောင်း၊ မိမိတို့ရုံးအနေဖြင့် ASEANSAI ၏ ၂၀၁၃ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးခဲ့သည့် အတွေ့အကြုံရှိပြီး ဖြစ်ပါကြောင်း၊ နိုင်ငံတကာစာရင်းစစ်ချုပ်ရုံးများ လိုက်နာရမည့်စံများနှင့်အညီ စစ်ဆေးသွားမည်ဖြစ်ပါကြောင်း၊ ခန့်အပ်တာဝန်ပေးရန် ထောက်ခံပေးခဲ့သည့် အဖွဲ့ဝင်စာရင်းစစ်ချုပ်ရုံးများအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားသည်။

အဆိုပါထိပ်သီးအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စာရင်းစစ်ချုပ်များ၊ အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့မှ အတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာအာဆီယံနိုင်ငံများ၏ သံအမတ်ကြီးများ၊ သံရုံးတာဝန်ခံများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



## မြိတ်မြို့၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

မြိတ် နိုဝင်ဘာ ၁၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် သစ်တောဦးစီးဌာနမှ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ တိုင်းဒေသကြီးအဆင့် အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၃ ရက်က မြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနိုင်-၄ က အဖွင့်အမှာစကားပြောကြားပြီး မြိတ်ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်လင်းက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေး ဆွေးနွေးဟောပြောသည်။

ထို့နောက် တက်ရောက်လာသူများအား မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဝေငှပေးပြီ မီးခိုးမြူငွေ့လျှော့ချခြင်းဆိုင်ရာ ပညာပေး Video Clip ပြသရာ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးပြီး သိရှိလိုသည်များ မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားသည်။ **ခိုင်ထူး(ပြန်/ဆက်)**

## ဘုတ်ပြင်းမြို့၌ ငလျင်ဘေးအန္တရာယ်သဏ္ဍာန်တူ ဇာတ်တိုက်လေ့ကျင့်

ဘုတ်ပြင်း နိုဝင်ဘာ ၁၅



တနင်္သာရီ တိုင်းဒေသကြီး ဘုတ်ပြင်းမြို့တွင် ငလျင်ဘေးအန္တရာယ် သဏ္ဍာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့ညနေပိုင်းက မောင်လေးဟိုတယ်၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကား ပြောကြားရာတွင် သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုကို တားဆီး၍ မရနိုင်သော်လည်း ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကို လျှော့နည်းအောင်နှင့် ဘေးဒဏ်ကို ရင်ဆိုင်တုံ့ပြန်နိုင်သည့် လူ့အသိုက်အဝန်း ဖြစ်အောင် ဆောင်ရွက်နိုင်ကြောင်း၊ သဘာဝဘေးအန္တရာယ်၏သဘောသဘာဝကို ကြိုတင်လေ့လာခြင်း၊ ပြင်ဆင်ခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုများကို အတတ်နိုင်ဆုံးလျှော့ချနိုင်မည်ဖြစ်ပြီး နယ်ပယ်ကဏ္ဍစုံက တစ်ဦးတစ်ယောက်ချင်းစီတွင် သဘာဝဘေးနှင့် ပတ်သက်သည့် အသိပညာများ ပြည့်ဝစွာဖြင့် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူကို ဗဟိုပြု အကာအကွယ်ပေးချဉ်းကပ်မှု နည်းလမ်းများကို အသုံးပြုပြီး ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ရရှိအောင်ဆောင်ရွက်ပေးခြင်းဖြင့် သဘာဝဘေး ကျရောက်ချိန်တွင် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဇာတ်တိုက်လေ့ကျင့်မှုကို ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များက မီးငြိမ်းသတ်ယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်နှင့် လူနာတင်ယာဉ်များဖြင့် ဇာတ်တိုက်ခဲ့ကြရာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘုတ်ပြင်းမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ မာရ်အောင်ပရိယတ္တိစာသင်တိုက်နှင့် ရွှေဘုံသာရပ်ကွက်ရှိ အောင်မေတ္တာတောရကမ္မဋ္ဌာန်းကျောင်းသို့ သွားရောက်၍ ဆရာတော်၊ သံဃာတော်များထံ ဆွမ်းဆန်တော်နှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ကံမမြို့နယ် ကျွန်းကလေးကျေးရွာ သရက်-ကံမကားလမ်းဘေးရှိ ထိပ်တန်းစက်သုံးဆီအရောင်းဆိုင်အား ကံမမြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲညွှန့် ဦးဆောင်သော မီးဘေးလုံခြုံရေးစစ်ဆေးရေးအဖွဲ့က နိုဝင်ဘာ ၁၄ ရက်တွင် မီးဘေးလုံခြုံရေးစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## မင်းလှမြို့နယ်ရှိ ကုန်စုံဆိုင်/စတိုးဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေး

မင်းလှ နိုဝင်ဘာ ၁၅



မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်ရှိ ကုန်စုံဆိုင်၊ စတိုးဆိုင်များအား မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စိုးလင်း၏ကြီးကြပ်မှုဖြင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်ကိုကိုနှင့်တပ်ဖွဲ့ဝင်များက မင်းလှမြို့ပေါ်ရှိ ကုန်စုံဆိုင်၊ စတိုးဆိုင်များအတွင်း သွယ်တန်းထားသောလျှပ်စစ်မီးကြိုးများ ဟောင်းနွမ်းဆွေးမြည့်ပါကအသစ်သွယ်တန်းသုံးစွဲရန်၊ ဆိုင်ခန်းများအတွင်း မီးလောင်လွယ်သည့်ကုန်ပစ္စည်းများသိုလှောင်ခြင်းမပြုရန်နှင့် မီးသတ်ဦးစီးဌာနမှသတ်မှတ်ထားသော စည်းကမ်းချက်များ အတိုင်းလိုက်နာရန် အသိပေးအကြံပြုစစ်ဆေးခဲ့ကြောင်း သိရသည်။

ကောင်းစစ်နိုင်

# တရုတ်-မြန်မာ-ထိုင်း-ကမ္ဘောဒီးယား-လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ပထမအကြိမ် အွန်လိုင်းလိမ်လည်မှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၁၅

တရုတ်-မြန်မာ-ထိုင်း-ကမ္ဘောဒီးယား-လာအိုနှင့်ဗီယက်နမ်နိုင်ငံတို့အကြား ပထမအကြိမ် အွန်လိုင်းလိမ်လည်မှုပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးကို နိုဝင်ဘာ ၁၄ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Hai Geng (ဟိုင်ဂင်)ဟိုတယ်၌ ကျင်းပသည်။




အစည်းအဝေးသို့ မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာ လျိုကျုံးယီ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ကျိုဗန်ထန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ လာအိုနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ခမ်ကင်းဖွီလာမနီဝုန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ထိုင်းနိုင်ငံ တော်ဝင်ရဲတပ်ဖွဲ့ လက်ထောက်ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဇီရာဘ်ဟော့ဘူရီဒတ်ချ် ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန မှုခင်းရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး မစ္စတာ ဖန်မန်ထရန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြပြီး ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်မှုခင်းဆိုင်ရာရုံး(UNODC)၊ စင်ကာပူနိုင်ငံအခြေစိုက် အင်တာပိုလ်ရုံးခွဲနှင့် လန်ချန်း-မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဗဟိုဌာန (LMLECC) တို့မှ ကိုယ်စားလှယ်များက လေ့လာသူအဖြစ် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် သဘာပတိဖြစ်သူ တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာ လျိုကျုံးယီက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အမှာစကားများ ပြောကြားခဲ့ကြသည်။

မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်က မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှုများ တိုက်ဖျက်ရန် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကိုအရှိန်မြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ လိမ်လည်မှုကွန်ရက်များနှင့် ရာဇဝတ်ဂိုဏ်းများကို ပြတ်ပြတ်သားသားနှိမ်နင်းဖယ်ရှားရန်၊ အဆိုပါကွန်ရက်များ၌ ပိတ်မိနေသူများအား ကယ်ဆယ်ရန်၊ ဒေသတွင်းတရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းရန်အထူးအလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အွန်လိုင်းအသုံးပြုလိမ်လည်မှုတိုက်ဖျက်ရေးသည် လန်ချန်း-မဲခေါင်အသိုက်အဝန်း၏ ဘုံတာဝန်ဖြစ်ကြောင်း၊ လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးယန္တရားသည် စိန်ခေါ်မှုများကိုရင်ဆိုင်နိုင်မည့် ပလက်ဖောင်းတစ်ရပ်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆက်သွယ်ရေးစနစ်နှင့် အွန်လိုင်းတို့ကို အသုံးပြုပြီး လိမ်လည်သောမှုခင်းများ တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာမဟာမိတ်အဖွဲ့ပူးတွဲတည်ထောင်ရေး၊ အွန်လိုင်းလိမ်လည်မှုလုပ်ကိုင်နေသောနေရာများကို ရှင်းလင်းဖယ်ရှားရေးနှင့် ပြည်နှင်လွှဲပြောင်းမှုတိုးမြှင့်ပြုလုပ်ရေး၊ အွန်လိုင်းလိမ်လည်မှုပြုလုပ်နေသော အဓိကနေရာများကို ပူးတွဲထိန်းချုပ်ရေး စသည့် ခေါင်းစဉ် (၃) ရပ်ဖြင့် ဆွေးနွေးမှုကို ဆက်လက်ပြုလုပ်ခဲ့ရာ အစည်းအဝေးတက်ရောက်လာကြသော နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များက ဝင်ရောက်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် သဘာပတိဖြစ်သူ တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာ လျိုကျုံးယီနှင့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက နိဂုံးချုပ်အမှာစကားများ ပြောကြားကြသည်။

မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# တတိယအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးလေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသည့် ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ် သုံးစင်း ပြန်လည်ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သို့ တတိယအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် နိုဝင်ဘာ ၁၀ ရက်က ရန်ကုန်မြို့၌ ရောက်ရှိနေသော ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်သုံးစင်းတို့သည် ပင်လယ်ပြင်၌ လက်တွေ့လေ့ကျင့်ခန်းများ ဆောင်ရွက်ရန် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ လေ့ကျင့်ခန်းဧရိယာသို့ ထွက်ခွာရာ တပ်မတော်(ရေ) မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားရေတပ်မှ ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Aleksei Anatolievich Kiiashko၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ရုရှားရေတပ်မှ ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Aleksei Anatolievich Kiiashko ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၁ ရက် ညနေပိုင်းတွင် တပ်မတော်(ရေ) မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးနှင့် အဖွဲ့ဝင်များအား ရေဝတီရေတပ်စခန်းဌာနချုပ် အရာရှိရိပ်သာ၌ လာရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံရေတပ် နှစ်ရပ်အကြား အပြန်အလှန်ဆက်ဆံမှု ကိစ္စရပ်များ၊ စစ်ရေယာဉ်များ ချစ်ကြည်ရေးခရီး အပြန်အလှန်လည်ပတ်မှုဆိုင်ရာ ကိစ္စရပ်များ၊ ရေကြောင်းလုံခြုံရေး သတင်းအချက်အလက်ဖလှယ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် လေ့ကျင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး ဆွေးနွေးပွဲအပြီးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



ထို့ပြင် တတိယအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ရေတပ်လေ့ကျင့်ရေးဌာနချုပ် သီရိမဟာဇေယျကျော်ထင်ခန်းမ၌ ကျင်းပပြုလုပ်ရာ တပ်မတော်(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ)နှင့် အရာရှိ၊ စစ်သည်များ၊ ရုရှားရေတပ်မှ ဒုတိယရေတပ်ဦးစီးချုပ်နှင့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူး၊ လေ့လာသူများအဖြစ် ဖိတ်ကြားထားသည့် တရုတ်၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်နိုင်ငံတို့မှ မြန်မာနိုင်ငံဆိုင်ရာစစ်သံမှူးများ တက်ရောက်ကြပြီး ဖွင့်ပွဲအခမ်းအနားအပြီးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ စစ်ရေယာဉ်များ ရန်ကုန်မြို့၌ ရောက်ရှိနေစဉ်အတွင်း ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ဘတ်စကတ်ဘောပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲနှင့် လွန်ဆွဲပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်း၊ ရွှေတိဂုံဘုရားသို့ သွားရောက်ဖူးမြော်ခြင်း၊ ဗိုလ်ချုပ်ဈေးနှင့် Junction City သို့ သွားရောက်လည်ပတ်ခြင်း၊ နှစ်နိုင်ငံ စစ်ရေယာဉ်များသို့ အပြန်အလှန်လေ့လာခြင်း၊ ရုရှားရေတပ်၏ ဖရီဂိတ်စစ်ရေယာဉ် Marshal Shaposhnikov ပေါ်တွင် ဂုဏ်ပြုညစာစားပွဲ ကျင်းပခြင်းနှင့် ဆိပ်ကမ်းအခြေပြု လေ့ကျင့်ခြင်းများ ဆောင်ရွက်ကြသည်။

၎င်းနောက် နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ရုရှားရေတပ်မှစစ်ရေယာဉ်များသည်တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ ပင်လယ်ပြင်၌ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းများ လက်တွေ့ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းနှင့် နိုဝင်ဘာ ၁၄ ရက် ညပိုင်းတွင် စစ်ရေယာဉ်(မုတ္တမ) ပေါ်၌ လေ့ကျင့်ခန်းပြန်လည်သုံးသပ်ခြင်းနှင့် ပိတ်ပွဲအခမ်းအနား ကျင်းပပြီး ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

သတင်းစဉ်



# ထားဝယ်မြို့၌ တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေး

ထားဝယ် နိုဝင်ဘာ ၁၅

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်တွင် မီးဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယမန်နေ့မွန်းလွဲပိုင်းက ထားဝယ်မြို့နယ်မီးသတ်စခန်းမှ ဒုတိယဦးစီးမှူး ဦးရဲဇော်ထွေးဦးဆောင်သည့် တပ်ဖွဲ့ဝင်များက ဆန်းချီရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးပြီး မဲရုံအဖြစ်ဆောင်ရွက်မည့် စာသင်ကျောင်းအနီးပတ်ဝန်းကျင်ရှိ ဈေးဆိုင်များနှင့် လူနေအိမ်များကို မီးဘေးလုံခြုံရေးလုပ်ငန်းများ စစ်ဆေးဆောင်ရွက်သည်။

ထို့နောက် ဒုတိယဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များက ရပ်ကွက်နေပြည်သူများအား ပွင့်လင်းရာသီကာလရောက်ရှိလာပြီဖြစ်သဖြင့် မီးလောင်မှု/မီးလန့်မှုများ မဖြစ်ပွားစေရေး မီးဘေးလုံခြုံရေး အထူးဂရုပြုဆောင်ရွက်ကြရန်နှင့် မီးဘေးလုံခြုံစိတ်ချရမှု ရှိ/မရှိ စသည်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

# ကန္တာရ ကျောက်တောင်များပင် စိမ်းလန်းသော အိုအေစစ် ဖြစ်လာနိုင်ကြလျှင် . . .

တရုတ်နိုင်ငံ ယူနန်ပြည်နယ် Wenshan ခရိုင် Xichou မြို့နယ် Sansuang ဒေသဆိုတာ တစ်ခါတုန်းက သစ်ပင်မရှိတဲ့ ကန္တာရကျောက်တောင်တွေနဲ့ ရေက မလုံလောက်၊ စိုက်ပျိုးရေးလုပ်ဖို့ မလွယ်ကူတဲ့နေရာတစ်ခုဖြစ်ပါတယ်။ အဲဒီအချိန်မှာ လူတွေဘဝက ခက်ခဲပင်ပန်းခဲ့ပြီး ဆင်းရဲမှုနဲ့အတူ အနာဂတ်လည်း မျှော်မှန်းရခက်ခဲခဲ့ပါတယ်။ ဒါပေမဲ့ Rocky Desert လို့ခေါ်တဲ့ ကန္တာရကျောက်တောင်တွေဟာ အခုအချိန်မှာ စိမ်းလန်းတဲ့အိုအေစစ်ဒေသအဖြစ် တိုးတက်ပြောင်းလဲလာခဲ့ပြီဖြစ်ပါတယ်။

**ခင်ရတနာ**

**❝မိမိတို့နိုင်ငံမှာလည်း ဒီလို ဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်မှန်းချက်ထားပြီး နိုင်ငံတော်က အင်တိုက်အားတိုက် ဆောင်ရွက်နေပါတယ်။ "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့၊ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့၊ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့" ဆိုတဲ့ ဆောင်ပုဒ်ဟာ နိုင်ငံတော်ရဲ့ ရည်မှန်းချက်၊ လမ်းညွှန်ချက်ဖြစ်သလို နိုင်ငံတော်က ဆောင်ရွက်ပေးတာကို ပြည်သူကလည်း လိုက်ပါအကောင်အထည်ဖော်မှသာ ဖွံ့ဖြိုးမှုအားကောင်းမှာပါ❞**

"ကျွန်တော်တို့မိသားစုက တောင်ပေါ်မှာ ကြီးပြင်းနေထိုင်ခဲ့တယ်။ အိမ်ထောင်စု ၁၀ စု ရှိပြီး လယ်မြေတွေက တောင်ထိပ်နဲ့ တောင်စောင်းပေါ်မှာပဲ ရှိတယ်။ နေရာကနေ လယ်ကွင်းဆီသွားဖို့ နှစ်နာရီလောက်ကြာပါတယ်။ ဒါ့အပြင် မြေပြိုမှုနဲ့ ဆင်းရဲမှုကြောင့် အလုပ်မရှိ၊ ဝင်ငွေက နည်းပါးတယ်။ ကလေးတွေ စာသင်ခန်းမရှိဘူး၊ ရှိရင်လည်း အဝေးကြီးသွားတက်ခဲ့ရတာ။ ဘဝက လုံးဝခက်ခဲခဲ့တယ်"လို့ တောင်ပေါ်သား Su Wenfa က ဆိုပါတယ်။

ဒါပေမဲ့ Xichou ခရိုင်ရဲ့ ပါတီကော်မတီနဲ့ အစိုးရက ရွာပြောင်းရွှေ့ပေးပြီး Su Wenfa က ရွာသစ်ရဲ့ စီမံကိန်းထဲက လှုပ်ရှားမှုတွေမှာ တက်ကြွစွာပါဝင်လာတယ်။ သစ်တောစိုက်ခင်း၊ ရေထိန်းသိမ်းစနစ်၊ ဆင်းရဲမှုလျှော့ချရေး စတာတွေကို ရွာသူရွာသားတွေနဲ့အတူ လုပ်ဆောင်ခဲ့ပြီး ယနေ့မှာတော့ နွေဦးမှာ မျှားမျှားစိုက်ပြီး ဆောင်းဦးမှာ မျှော်လင့်ချက်အပြည့်နဲ့ ရိတ်သိမ်းနိုင်တဲ့ ဘဝသစ်တစ်ခုကို ဖန်တီးနိုင်ခဲ့ပြီ။



### ယွမ်သန်း ၃၁၀ ရင်းနှီးမြှုပ်နှံမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုစတင်ခဲ့

Xichou County ဟာ တောင်တန်းနယ်မြေကြီးပါ။ စုစုပေါင်း ၄၄ စတုရန်းကီလိုမီတာထဲက စတုရန်းကီလိုမီတာ ၃၀ ဟာ ကျောက်တောင်တွေပါပဲ။ ကျောက်တောင်တွေ၊ မြေဆီလွှာပျက်စီးမှုနဲ့ ဝင်ငွေနည်းပါးမှုကြောင့် အရင်က ခက်ခဲခဲ့ပါတယ်။ ဒါပေမဲ့ ၂၀၁၁ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်တွေအတွင်း ပြုပြင်ပြောင်းလဲမှုတွေလုပ်ပြီး ဘဝအသစ်တွေ ဖန်တီးနိုင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ ကျောက်တောင်မျက်နှာပြင် ၄၀ ဒသမ ၂ စတုရန်းကီလိုမီတာကို ဒေသခံတွေရဲ့ လုပ်အား၊ အစိုးရရဲ့ ပံ့ပိုးမှုနဲ့အတူ ပြုပြင်ရယူပြီး ၂၀၁၄ ခုနှစ်မှာတော့ လူပေါင်းထောင်ကျော်ကို နေရာပြောင်းရွှေ့ပေးလို့ ၂၀၁၈ ခုနှစ်မှာ အစိုးရက Xichou ခရိုင်အတွက် **ယွမ်သန်း ၃၁၀** ရင်းနှီးမြှုပ်နှံမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုစတင်ခဲ့ပါတယ်။ Banggu Youge ရွာမှာ စပါးနဲ့ ဆေးရွက်ကြီးတွေကို ငါးမီတာ စတင်စိုက်ပျိုးရာကနေ အခုအချိန်မှာတော့ ဒေသတစ်ခုလုံးရဲ့ တစ်ဦးချင်းစီအတွက် ထွက်သီးမြေက တစ်မူ (သုညဒသမ ၀၆၇ ဟက်တာ) ထက်ပိုပြီး အိမ်ထောင်စုတစ်စုစီအတွက် စီးပွားရေးသစ်တော သို့မဟုတ် သစ်သီးစိုက်ပျိုးရာကနေ တစ်မူထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။

တရုတ်နိုင်ငံရဲ့ China International Press Communication Center က ဖွင့်လှစ်တဲ့ ပြည်ပသတင်းထောက်တွေ သတင်းမီဒီယာဖလှယ်မှုနဲ့ သင်ကြားရေးအစီအစဉ်မှာ ပါဝင်ကြတဲ့ အာရှ-ပစိဖိတ်ဒေသသတင်းဌာနအသီးသီးက သတင်းထောက်အချို့ မေးမြန်းမှုအပေါ် ဒေသတာဝန်ရှိသူ Mr.Zhu Ning က **"ဒီဒေသမှာ အိမ်ထောင်စု ၂၂၅၂ စု၊ လူဦးရေ ၉၀၀၀ ကျော် နေထိုင်ကြတယ်။ Han, Zhuang, Miao, Yi လူမျိုးစုတွေ နေထိုင်ပြီး စပါး၊ လက်ဖက်၊ ဆေးဖက်ဝင်အပင်တွေ စိုက်ကြတယ်။ အခုအချိန်မှာ ကီဝီသီးအများအပြား စိုက်ပျိုးမှုနဲ့ လယ်ယာဝင်ငွေ တိုးတက်လာတာကြောင့် ဘဝက ပိုအဆင်ပြေလာပါတယ်"**လို့ ရှင်းပြပါတယ်။

မလျှော့သောဇွဲလုံ့လနဲ့ ဒေသခံတွေ စုပေါင်းလို့ ကျောက်တုံးတွေကို စုပေါင်းထုနှက်ကြတဲ့ မြင်ကွင်းတွေ၊ အမျိုးသမီးနဲ့ လူငယ်လူရွယ်တွေက သယ်ယူပြီး မြေထိန်းနံရံတွေတည်ဆောက်တာ၊ လှေကားထစ်တောင်ယာတွေ ဖော်ဆောင်ကြတာတွေကိုလည်း မှတ်တမ်းအဖြစ် ဒေသပြတိုက်မှာ အားကျအတုယူဖွယ် မြင်တွေ့ခဲ့ရပါတယ်။

### ကျောက်တောင်ကတုံးတွေက အစိမ်းရောင်အဖြစ် ပြောင်းလာခဲ့

သူတို့ဟာ မူလအစမှာ သစ်တောပြန်လည်ထူထောင်ရေးကို ဦးစားပေးလုပ်ဆောင်သလို သစ်တောမပြုန်းတီးဖို့ ပညာပေး၊ ဆုပေး၊ ဒဏ်ပေးစနစ်တွေနဲ့ စနစ်တကျ ထိန်းသိမ်းတယ်လို့ သိရပါတယ်။ အိမ်တိုင်းမှာ ရေသိုလှောင်ခန်းတွေ တည်ဆောက်ထားပြီး မိုးရာသီရေသုံးနိုင်အောင် စနစ်တကျ ထိန်းသိမ်းထားတယ်။ ဒီလို ကြိုးစားရုန်းကန်ပေါင်းစည်းမှုကြောင့် သစ်တောတွေ ပြန်လည်ပေါ်ထွက်ပြီး ကျောက်တောင်ကတုံးတွေက အစိမ်းရောင်အဖြစ် ပြောင်းလာခဲ့ပါတယ်။

လူမှုစီးပွားဘဝ ဖွံ့ဖြိုးမှုနောက်ကျရခြင်းနဲ့ ဆင်းရဲမှုရဲ့ အဓိကအကြောင်းရင်းတွေက ကျွမ်းကျင်မှု အားနည်းတာ၊ ငွေကြေးမလုံလောက်တာ၊ အလုပ်လုပ်သူ နည်းပါးတာ၊ ပညာရေးအားနည်းတာ၊ သန့်ရှင်းတဲ့ သောက်သုံးရေ မလုံလောက်တာ၊ စိုက်ပျိုးနိုင်တဲ့မြေမလုံလောက်တာ၊ ကိုယ်တိုင်တိုးတက်နိုင်မှုအားနည်းတာတွေအပြင် သဘာဝဘေးတွေ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲတာတွေနဲ့ တိုင်းပြည်တည်ငြိမ်အေးချမ်းမှု အားနည်းတာတွေကြောင့် ဖြစ်ပါတယ်။ **ယခုဒေသမှာတော့ အခက်အခဲတွေကို ဖြေရှင်းဖို့ Wenshan ခရိုင်က တောစိမ်း၊ ရေကြည်မြေတန်ဖိုးရှိဆိုတဲ့ မဟာဗျူဟာနဲ့အညီ သစ်တောတွေ ပြန်လည်စိုက်ပျိုးတာ၊ ရေကို စနစ်တကျသုံးစွဲတာနဲ့ ကျေးရွာတွေ အဆင့်တိုးမြှင့်တာစတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ထားပါတယ်။**

### အတုယူဖွယ်များစွာကို မြင်တွေ့နိုင်

တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးဖို့ ကြိုးစားရုန်းကန်နေတဲ့ ကျေးလက်ဒေသဟာ မိမိတို့နိုင်ငံအတွက် အတုယူဖွယ်များစွာကို မြင်တွေ့နိုင်ပါတယ်။ ကျောက်တောင်ဒေသတွေဖြစ်တဲ့ ယူနန်ပြည်နယ်နဲ့ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စတဲ့ဒေသတွေမှာ ဆင်းရဲမှုလျှော့ချရေးစီမံချက် (၂၀၁၁-၂၀၂၀) ပြန်လည်ရှင်သန်ခြင်းအစီအစဉ်အတွက် အဓိက လုပ်ငန်းရှစ်ချက်ကို ထည့်သွင်းအကောင်အထည်ဖော်ခဲ့တာဖြစ်ပါတယ်။

အဲဒါတွေကတော့ (၁) ဂေဟစနစ် ပြန်လည်ထူထောင်ရေး၊ (၂) သန့်ရှင်းတဲ့ သောက်သုံးရေနဲ့ စိုက်ပျိုးရေးရရှိရေး၊ (၃) လယ်ယာမြေမြှင့်တင်ရေး၊ (၄) လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ (၅) စံပြကျေးရွာတည်ဆောက်ရေး၊ (၆) စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ (၇) ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ (၈) အဖွဲ့အစည်းနဲ့ ယဉ်ကျေးမှုဆိုင်ရာ၊ သင်ကြားမှုဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ရေး စတဲ့ရည်မှန်းချက်တွေနဲ့ ၂၀၀၈ ခုနှစ်မှာ စီမံကိန်းတွေ အရှိန်အဟုန်နဲ့ စတင်ခဲ့တယ်လို့ သိရပါတယ်။

ဆိုရရင် မိမိတို့နိုင်ငံမှာလည်း ဒီလိုဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်မှန်းချက်ထားပြီး နိုင်ငံတော်က အင်တိုက်အားတိုက် ဆောင်ရွက်နေပါတယ်။ **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့၊ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့၊ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"**ဆိုတဲ့ ဆောင်ပုဒ်ဟာ နိုင်ငံတော်ရဲ့ ရည်မှန်းချက်၊ လမ်းညွှန်ချက်ဖြစ်သလို နိုင်ငံတော်က ဆောင်ရွက်ပေးတာကို ပြည်သူကလည်း လိုက်ပါအကောင်အထည်ဖော်မှသာ ဖွံ့ဖြိုးမှုအားကောင်းမှာပါ။

မြန်မာနိုင်ငံစီးပွားရေးဟာ စိုက်ပျိုးရေးအပေါ် များစွာအခြေခံပါတယ်။ ကျေးလက်နေထိုင်သူ ၇၀ ရာခိုင်နှုန်းဟာ စိုက်ပျိုးရေးလုပ်အားအရင်းအမြစ်ဖြစ်တာကြောင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်း အားကောင်းလာတာနဲ့အမျှ နိုင်ငံ့စီးပွားရေး တိုးတက်လာမှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်က စပါး၊ ဆီထွက်သီးနှံအပြင် ဂျုံ၊ ဝါ၊ ဝါး စတာတွေကို ဒေသနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ အားပေးလျက်ရှိပါတယ်။ ဂျုံအစားအသောက်၊ ဝါအခြေခံအထည်အလိပ်နဲ့ ပစ္စည်းထုတ်လုပ်မှုတွေကို တိုးတက်စေပြီး ပြည်တွင်းသုံးစွဲမှုနဲ့ ပြည်ပဈေးကွက်အတွက်လည်း ရည်ရွယ်ဆောင်ရွက်လျက်ရှိပါတယ်။ **စာမျက်နှာ ၁၅ သို့** ✳

**❝မြန်မာနိုင်ငံဟာ ကမ္ဘာ့နိုင်ငံအများစုလို သဘာဝဘေးကို ပြင်းပြင်းထန်ထန် ရင်ဆိုင်ခဲ့ရာမှာ မိုခါမုန်တိုင်း၊ ရာဂီမုန်တိုင်း၊ မန္တလေးငလျင်လို သဘာဝဘေးအန္တရာယ်တွေကြောင့်လည်း ဖွံ့ဖြိုးမှုလမ်းကြောင်း အနည်းငယ်နှောင့်နှေးနေခဲ့ရပါတယ်။ ဒါကြောင့် ကမ္ဘာနဲ့အမီလိုက်နိုင်ဖို့ လုပ်ငန်းကျွမ်းကျင်မှုသင်တန်းတွေ (vocational training)နဲ့ လက်တွေ့ကျွမ်းကျင်မှု (practical skills) ကို မြှင့်တင်ရင် လူ့စွမ်းအားအရင်းအမြစ် (human capital) တိုးတက်လာပြီး တီထွင်ဆန်းသစ်နိုင်မှု (innovation) နဲ့ အခြေအနေကိုက်ညီတတ်မှု (adaptability) ကိုလည်း မြှင့်တင်နိုင်မယ့် အခွင့်အလမ်းတွေကို နိုင်ငံတော်က ဖန်တီးပေးလျက်ရှိတာကို ရယူအသုံးချနိုင်ဖို့ လိုအပ်ပါတယ်❞**

# ခေတ်သစ်ပြည်သူ့ပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၅

**ခေတ်သစ်ပြည်သူ့ပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး-၁ ဦးအောင်မျိုးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-



အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ခေတ်သစ်ပြည်သူ့ပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး-၁ ဦးအောင်မျိုး ဖြစ်ပါတယ်။ ခေတ်သစ်ပြည်သူ့ပါတီဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲဝင် နိုင်ငံရေးခေါင်းဆောင်ကြီးများရဲ့ နိုင်ငံရေးမျိုးဆက်ပါတီ ဖြစ်ပါတယ်။ လူတွေမှာ မျိုးဆက်မကင်းနိုင်သလို နိုင်ငံရေးမှာလည်း မျိုးဆက်မကင်းနိုင်လို့ ဖြစ်ပါတယ်။ ခေတ်သစ်ပြည်သူ့ပါတီကို အဘိဓမ္မာရေး၊ သဘောတရားရေး မူဝါဒလမ်းစဉ် လုပ်ငန်းစဉ်များနဲ့ ခိုင်မာစွာတည်ဆောက်ပြီး ပါတီဝင်ကျင့်ဝတ် (၁၀) ပါးကို ခံယူကျင့်သုံးပါတယ်။ ဒါကြောင့် ခေတ်သစ်ပြည်သူ့ပါတီဟာ ထိုက်တန်သူတွေအတွက် တံခါးဖွင့်ထားတဲ့ ပြည်သူ့တပ်ဦးပါတီသာ ဖြစ်ပါတယ်။ ပါတီရဲ့တံဆိပ်ဖြစ်တဲ့ ကမ္ဘာလုံးပေါ်က သေးလတ်ကြီး အနီရောင်ကြယ်သုံးပွင့်မှာ ကမ္ဘာလောကကြီး ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ ခေတ်သစ်သိပ္ပံ ဆိုရှယ်လစ်လောကနိဗ္ဗာန်ခေတ်သို့ တက်လှမ်းရေး ဖြစ်ပါတယ်။ ကြယ်သုံးပွင့်အနီရောင်မှာ ရဲရင့်မှု၊ သွေးစည်းညီညွတ်မှု ဖြစ်ပါတယ်။ ပါတီအောင်လံရဲ့ အောက်ခံ အစိမ်းနုရောင်မှာ တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ပါတယ်။

သဘောတရားဟာ လူထုကို ချုပ်ကိုင်မိသည်နဲ့တစ်ပြိုင်နက် ရုပ်ဝတ္ထုအင်အားစုဖြစ်လာတယ်။ Theory becomes a material force when it grips the masses လို့ လူမှုသိပ္ပံတရားက ဆိုပါတယ်။ ဒါကြောင့် ခေတ်သစ်ပြည်သူ့ပါတီက အကြွင်းမဲ့ငြိမ်းချမ်းရေးလမ်းစဉ်ကို ခံယူပါတယ်။ ပါတီဗဟိုအလုပ်အမှုဆောင် ဥက္ကဋ္ဌကြီးကတော့ ဦးထွန်းအောင်ကျော် ဖြစ်ပါတယ်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (၅)ဦး၊ အရန်ဗဟို အလုပ်အမှုဆောင်ကော်မတီဝင်(၂)ဦး၊ ဗဟိုကော်မတီဝင်(၁၁)ဦးတို့က ပါတီကို ဦးဆောင်နေပါတယ်။ ဒီကနေ့ ပါတီကို ရောဝတီတိုင်းဒေသကြီးအဆင့် ဖွဲ့စည်းရပ်တည်ထားသော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာအထိ ဆက်လက်ဖွဲ့စည်း ရပ်တည်သွားနိုင်ဖို့ ဆောင်ရွက်နေပါတယ်။

**လမ်းညွှန်သဘောတရား**

"အမြင်မှာ မကြည်လင် အလုပ်မှာ မပြတ်သားဘူး သဘောတရားဟာ ကြည်လင်ပြတ်သားတဲ့ အလားအလာကိုပေးတယ်၊ အမှားအမှန်ဆုံးဖြတ်နိုင်စွမ်းကို ပေးတယ်၊ အလုပ်မှာ စိတ်ချမှုကို ပေးတယ်။ နောက်ဆုံး မိမိတို့ခံယူချက် အောင်ရမယ်ဆိုတဲ့ ယုံကြည်ချက်ကို ပေးတယ်" ဆိုတဲ့အတိုင်း ပါတီရဲ့လမ်းညွှန်သဘောတရားကို တင်ပြသွားပါမယ်။ ခေတ်သစ်ပြည်သူ့ပါတီက ခံယူကျင့်သုံးတဲ့ ပြည်သူကို ဗဟိုပြုသော လူမှုသိပ္ပံတရား (၄)ပါး၊ လောကပါလတရား(၄) ပါးနဲ့ ပါတီရဲ့ပညာ နိုင်ငံရေးအလုပ် လမ်းညွှန်တရား(၄)ပါးရှိပါတယ်။ ပြည်သူကို ဗဟိုပြုသော လူမှုသိပ္ပံတရား(၄)ပါးနှင့် လောကပါလတရား (၄) ပါးမှာ -

(၁) လူထုတွေ မပါရင်ဘာမှမလုပ်နိုင်၊ (၂)လူထုရွေးကောက်ပွဲတွေမပါရင် ဘာမှမလုပ်နိုင်၊ (၃)လူထုတွေရဲ့ အခြေခံအကျိုးစီးပွားနဲ့ ကိုက်ညီမှန်ကန်တဲ့ မူဝါဒလမ်းစဉ်တစ်ရပ်ကို လူထုကို ကင်းကင်းလွတ်လွတ်ရွေးချယ်ခွင့်ပြုရမယ်၊ (၄)အဲဒီလို ရွေးချယ်ခွင့်မပြုရင် လူထုတွေ သူ့လမ်းသူ ရွေးချယ်သွားလိမ့်မယ်။

**ခေတ်သစ်ပြည်သူ့ပါတီရဲ့ ပညာနိုင်ငံရေး အလုပ်လမ်းညွှန်တရား (၄)ပါး**

၁။ အကန်းယုံ အရမ်းယုံ မယုံကြဘဲ သိပ္ပံပညာမျက်စိနဲ့သာ ဆင်ခြင်ကြပါစို့။

၂။ ဆင်ခြင်တုံတရားမဲ့ ဆန္ဒစွဲယုံကြည်မှုတွေကို စွန့်လွှတ်ပြီး အသိအလိမ္မာဉာဏ်ပညာကိုသာ အားကိုးကြပါစို့။

၃။ စနစ်တကျ လေ့လာသုံးသပ်မှုကင်းမဲ့တဲ့ဘဝကို စွန့်လွှတ်ပြီး လေးနက်တဲ့ အဘိဓမ္မာပေါ်မှာသာ အခြေခံကြပါစို့။

၄။ ဆင်ခြင်တုံတရားမဲ့ အစွဲလမ်းဟောင်းတွေပေါ်မှာ မျက်စိမှိတ်ဆုပ်ကိုင်ထားသူတွေနဲ့စာရင် အရိုးခံသက်သက် သာမန်ပြည်သူတွေကမှ အမှန်တရားနဲ့ ပိုလို့နီးစပ်ပါသေးတယ်။ လူတွေဟာ သင်အံတတ်မြောက်ပြီးသား အဆင်သင့်မွေးဖွားလာခြင်း မဟုတ်ပါ။ လုပ်ရင်းသင် သင်ရင်းတတ်တဲ့ သတ္တဝါသာဖြစ်ပါတယ်။ ဒါကြောင့် လူ့အဖွဲ့အစည်းကြီးဟာ အရေအတွက်အရရော အရည်အချင်းအရပါ ပြောင်းလဲတိုးတက်နေတာ ဖြစ်ပါတယ်။ ဘယ်လိုပင် ကပ်ဘေးအမျိုးမျိုးကို ဖြတ်သန်းခဲ့ရသော်လည်း ရှေးကျောက်ခေတ်လူသားမှ ဒီကနေ့ အဆင့်အတန်းအမြင့်ဆုံးသော အီလက်ထရွန်နစ် နည်းပညာခေတ်လူသားအထိ ဖြစ်လာပါတယ်။ အဲဒီလိုပြောင်းလဲတိုးတက်ရာမှာ ရှေးဘုံဝါဒစနစ် (ကျောက်ခေတ်)၊ ကျေးပိုင်ကျွန်ပိုင်စနစ် (သံစပေါ်သောခေတ်)၊ ပဒေသရာဇ် ဧကရာဇ်စနစ်(လက်မှုအတတ်ပညာ ထွန်းကားလာသောခေတ်)၊ ဒီကနေ့ အရင်းရှင်စနစ် (အဆင့်အတန်း အမြင့်ဆုံးသော အီလက်ထရွန်နစ်နည်းပညာခေတ်)ဖြစ်ပြီး ဆက်လက်ပြီးလည်း ခေတ်သစ်သိပ္ပံ ဆိုရှယ်လစ်လောကနိဗ္ဗာန်ခေတ်သို့ တက်လှမ်းသွားမယ် ဖြစ်ပါတယ်။ ဒီကနေ့ဟာ ဈေးကွက်စီးပွားရေးနှင့် အစွမ်းကုန်ဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေ ကြိုးပမ်းသွားရမယ်ဖြစ်ပါတယ်။

**မူဝါဒလမ်းစဉ် လုပ်ငန်းစဉ်များ**

**စီးပွားရေး။** ။ စီးပွားရေးကုန်လုပ်စွမ်းအားစုတွေရဲ့ တိုးတက်ဖြစ်ပေါ်ရေးဟာ လူ့အဖွဲ့အစည်း ရှေ့တန်းတက်လှမ်းရေးရဲ့ အဆင့်အတန်းအမြင့်ဆုံးသော မှတ်ကျောက်ညွှန်လက်ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတို့ရဲ့ စီးပွားရေးကုန်လုပ်မှုကို အာမခံချက်ပေးနိုင်တဲ့ တံခါးဖွင့်ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမယ်။ ပြည်တွင်း၊ ပြည်ပမှာ လွတ်လပ်စွာ ပြိုင်ဆိုင်ထုတ်လုပ်ရောင်းဝယ်ခွင့်ပြုမယ်။ တိုင်းရင်းသားပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများ သန်းကြွယ်သူဌေးကြီးများ ပေါ်ထွန်းလာရေးကို ဆောင်ရွက်မယ်။ ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် ပြည်သူတွေ အသိဉာဏ်ရည်မြင့်မားရန်လိုပါတယ်။ အသိဉာဏ်ရည်မြင့်မားရေးအတွက် လူနေမှုအဆင့်အတန်းမြင့်မားရေးလိုပါတယ်။ လူနေမှုအဆင့်အတန်း မြင့်မားရေးအတွက် စီးပွားရေးကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ လိုပါတယ်။

**နိုင်ငံရေး။** ။ ပြည်သူတို့ရဲ့ လူ့အခွင့်အရေးနဲ့ နိုင်ငံရေးလွတ်လပ်မှုကို အာမခံချက်ပေးနိုင်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမယ်။ လွတ်လပ်ခွင့်အပြည့်အဝရရှိရေး၊ တူညီသောအခွင့်အရေးရှိရေး၊ ပြည်သူ့ဆန္ဒအရ အုပ်ချုပ်ရေးဆိုတဲ့ ဒီမိုကရေစီ ဦးတည်ချက်(၃)ရပ်ကိုအကောင်အထည်ဖော်သွားမယ်။ သတင်းမီဒီယာနဲ့ လူမှုမီဒီယာများ လွတ်လပ်စွာ ဖော်ပြခွင့်ပြုမယ်။

**ဘာသာရေး။** ။ မိမိတို့ ကြိုက်နှစ်သက်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ သာသနာရေး၊ ဘာသာရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုမယ်။ သို့သော် ဘာသာရေးကို နိုင်ငံရေးတွင် အသုံးချခွင့်မပြုပါ။

**တိုင်းရင်းသားလူမျိုးများအရေး။** ။ လူမျိုးကြီးဝါဒနဲ့ ကျဉ်းမြောင်းသော လူမျိုးစွဲဝါဒ ကင်းရှင်းစွာ တိုင်းရင်းသားလူမျိုးများ တန်းတူညီတူအခွင့်အရေးရှိသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု ထူထောင်မယ်။

**ပြည်တွင်းငြိမ်းချမ်းရေး။** ။ လက်နက်ကိုင်ပဋိပက္ခဟာ သေခြင်းတရားလို ရှောင်လွှဲလို့မရတဲ့အရာမဟုတ်။ ဒါကြောင့် အမျိုးသားသင့်မြတ်စည်းလုံးရေး ခါးသီး နာကြည်း နောင်ကြဉ်စရာ သမိုင်းသင်ခန်းစာကိုယူပြီးတော့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး၊ ထာဝရပြည်တွင်းငြိမ်းချမ်းရေးကို မဖြစ်မနေ ကြိုးပမ်းသွားရမှာ ဖြစ်ပါတယ်။

**ကျား/မတန်းတူရေး။** ။ အမျိုးသား/အမျိုးသမီး ကျား/မ တန်းတူရေးမရှိရင် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် အလှမ်းဝေးသွားနိုင်ပါတယ်။ ဒါကြောင့် ခေတ်သစ်ပြည်သူ့ပါတီက အမျိုးသမီးများ ဝန်ဒဏ်သုံးရပ်က လွတ်မြောက်ရေး(CEDAW) စာချုပ်ပါ သဘောတူညီချက်အတိုင်း အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး၊ အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားရေး၊ ကျား/မ တန်းတူရေးကိုလည်းဆောင်ရွက်မယ်။

**တောင်သူလယ်သမားများအရေး။** ။ စိုက်ပျိုးရေးကို အခြေခံတဲ့ မြန်မာနိုင်ငံတွင် တောင်သူလယ်သမား လူတန်းစားများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါတယ်။ တောင်သူလယ်သမားများ လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ် သိုလှောင်ရောင်းချခွင့်ပြုမယ်။ ပြည်ပသို့ လွတ်လပ်စွာ တင်ပို့ရောင်းချခွင့်ပြုမယ်။ တောင်သူလယ်သမားများအကျိုးကို တောင်သူလယ်သမားများ ဆောင်ရွက်နိုင်ရေးအတွက် တောင်သူလယ်သမား အစည်းအရုံးများ ဖွဲ့စည်း ဆောင်ရွက်ခွင့်ပြုမယ်။ အဆင့်မြင့် စက်မှုလယ်ယာ ထူထောင်ရေးကို ကြိုးပမ်းသွားမယ်။



**အလုပ်သမား လူတန်းစားများအရေး။** ။ လုပ်ငန်းရှင်နဲ့ အလုပ်သမား လူတန်းစားတို့ရဲ့ ပေါင်းစည်းစွမ်းအားဟာ လူ့အဖွဲ့အစည်း တိုးတက်ဖြစ်ပေါ်ရေးရဲ့ မောင်းနှင်အားဖြစ်ပါတယ်။ လုပ်ငန်းရှင်မရှိရင် အလုပ်သမားမရှိနိုင်သလို အလုပ်သမားမရှိရင်လည်း လုပ်ငန်းရှင်မရှိနိုင်ပါ။ ဒါကြောင့် လုပ်ငန်းရှင်နဲ့ အလုပ်သမားပဋိပက္ခဟာ ပေါင်းစပ်ဖြေရှင်းလို့မရတဲ့ ပဋိပက္ခမဟုတ်ပါ။ စီးပွားရေးကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာတာနဲ့ အမျှ အလုပ်သမားများနဲ့ ဆင်းရဲသားများရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်လာမယ်ဖြစ်တယ်။ အလုပ်သမားများအကျိုးကို အလုပ်သမားများ ဖန်တီးနိုင်ရေးအတွက် အလုပ်သမား အစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုမယ်။

**ကျန်းမာရေး။** ။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ကြိုးပမ်းသွားနိုင်ရေးအတွက် အဆင့်မြင့်ဆေးရုံ၊ ဆေးပေးခန်းများ ဒေသအလိုက်ဖွင့်လှစ်သွားမယ်။ အဆင့်မြင့် ဆေးပညာရှင်များ၊ ပေါ်ထွန်းလာရန်ကြိုးပမ်းမယ်။ ဆေးပညာသုတေသနလုပ်ငန်းများကို အားပေးမယ်။ တိုင်းရင်းဆေးများ အစွမ်းထက်ရေး၊ တိုင်းရင်းဆေးများ နိုင်ငံတကာအဆင့်မီထုတ်လုပ်နိုင်ရေးကို အားပေးမယ်။ ကျန်းမာရေးကဏ္ဍတွင် ပုဂ္ဂလိကများ လုပ်ပိုင်ခွင့်ပြုမယ်။

**ပညာရေး။** ။ ယနေ့ပညာခေတ်တွင် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်နိုင်သော ပညာရေးစနစ်ကိုကျင့်သုံးမယ်။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသုတေသနလုပ်ငန်းများလုပ်ကိုင်ပြီး ပညာတော်သင်များ ပြည်ပသို့စေလွှတ်သင်ယူမယ်။ လူငယ်များ အနိမ့်ဆုံး အခြေခံပညာအထက်တန်းအောင်မြင်နိုင်ရေး ဆောင်ရွက်သွားမယ်။ ပညာရေးကဏ္ဍတွင် ပုဂ္ဂလိကများ လုပ်ကိုင်ခွင့်ပြုမယ်။

**ကာကွယ်ရေး။** ။ ခေတ်မီအင်အားတောင့်တင်းပြီး စွမ်းဆောင်ရည်မြင့်မားသော မျိုးချစ်တပ်မတော်၊ အမျိုးသားတပ်မတော်၊ ပြည်ထောင်စုတပ်မတော်၊ ပြည်သူ့တပ်မတော်ဖြစ်ရမယ်။

**နိုင်ငံခြားရေး။** ။ လွတ်လပ်သောနိုင်ငံခြားရေးဝါဒကို ကျင့်သုံးမယ်။ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး ဘန်ဒေါင်းမူကြီး(၅)ချက်နှင့်အညီ နိုင်ငံတကာဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးများကို ကျယ်ပြန့်စွာလုပ်ဆောင်သွားမယ်။ နိုင်ငံတကာ ဗိုလ်ကျစိုးမိုးရေးဝါဒ၊ ကိုလိုနီလက်သစ်ဝါဒများကို ကာကွယ်တိုက်ဖျက်သွားမယ်။ အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများ၊ အာဆီယံနိုင်ငံများနဲ့ ဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရေးများကို ပိုမိုကြိုးပမ်းသွားမယ်။

ကျွန်တော့်အနေနဲ့ နိဂုံးချုပ်တင်ပြရရင်တော့ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ကြိုးပမ်းထမ်းဆောင်အောင်မြင်လာတာနဲ့အမျှ ပြည်သူလူထုအကျိုးဖြစ်ထွန်းလာတာနဲ့အမျှ ပြည်သူတွေက ပစ်ပယ်မထားဘဲ မေ့လျော့မနေဘဲ ခေါင်းဆောင်ကောင်းများအဖြစ် ပို့ဆောင်ကြမဲ့ဖြစ်တယ်။ ပြည်သူတို့က မိမိတို့အားကိုးရာ ပုဂ္ဂိုလ်ကောင်းများအဖြစ် ရွေးချယ်လာကြမယ်ဖြစ်တယ်ဆိုတာခံယူပြီး ခေတ်သစ်ပြည်သူ့ပါတီက နိုင်ငံနဲ့ ပြည်သူ့အကျိုးကို ကြိုးပမ်းထမ်းဆောင်သွားမယ်ဆိုတာ တင်ပြရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**"ခေတ်သစ်ပြည်သူ့ပါတီ၏ သီချင်းစာသား"**

[ခေတ်စနစ်နဲ့အညီ တိုးတက်ခဲ့လေပြီ x x x x
ရွှေမြန်မာပြည် ပါတီစုံ ဒီမိုကရေစီ
ဈေးကွက်စီးပွား တံခါးဖွင့်လေပြီ x x အမျိုးသား အကျိုးစီးပွားဖြင့် မြင့်မားရစေမည်x
တိုးတက်အောင် ... ဖော်ဆောင်မည် x x ခေတ်သစ်မူဝါဒ တူညီမျှတစွာ x x
လမ်းပြတော့မည် x x
ခေတ်တစ်ခေတ်အတွက် စံနမူနာ အမှန်တူညီ x x ခေတ်အဆက်ဆက် မြန်ဇမ္ဗူအသံတူညီ x x
(ခေတ်သစ်ပြည်သူ့ပါတီ)၂၊ ဒို့ ခေတ်သစ်ပြည်သူ့ပါတီ x x x ]၂

# လေဘာပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်　နိုဝင်ဘာ　၁၅

**လေဘာပါတီဥက္ကဋ္ဌ ဦးမြင့်သန်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–




"လေးစားအပ်ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းလုံးမှ အလုပ်သမား၊ လယ်သမား၊ ပြည်သူလူထုတစ်ရပ်လုံး ခင်ဗျား"

ဒီကနေ့ ဤရုပ်မြင်သံကြားမှတစ်ဆင့် မေတ္တာဖြင့် နှုတ်ခွန်းဆက်သခွင့်ရသည့်အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်ကတော့ လေဘာပါတီရဲ့ဥက္ကဋ္ဌ ဦးမြင့်သန်း ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ပါတီဟာ အလုပ်သမား၊ လယ်သမား၊ ဆင်းရဲသား၊ အခြေခံလူတန်းစားများရဲ့ စစ်မှန်သော ကိုယ်စားပြုအဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ဖို့အတွက် အားထုတ်ကြိုးပမ်းနေတာ နှစ်ကာလကြာမြင့်ခဲ့ပါပြီ။ ဒီကနေ့ ဒီနေရာမှ ရပ်တည်ပြီး ပြောကြားခွင့်ရခြင်းဟာ ကျွန်တော်တို့ လေဘာပါတီအတွက် သမိုင်းဝင်အခွင့်အရေးတစ်ခု ဖြစ်ပါတယ်။

**လက်ရှိရင်ဆိုင်နေရသော စိန်ခေါ်မှုများနဲ့ပတ်သက်ပြီး ပြောပြရမယ်ဆိုရင် –**

"ချစ်ခင်လေးစားရတဲ့ ပြည်သူများ ခင်ဗျား"

ဒီကနေ့ ကျွန်တော်တို့ နိုင်ငံဟာ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စိန်ခေါ်မှုပေါင်းစုံနဲ့ လက်ရှိရင်ဆိုင်နေရပါတယ်။ အထူးသဖြင့် အလုပ်သမားများနဲ့ လယ်သမားများရဲ့ ဘဝဟာ ကြမ်းတမ်းခက်ခဲနေဆဲ ဖြစ်ပါတယ်။

လုပ်ခလစာက စားဝတ်နေရေးအတွက် မလုံလောက်မှု၊ အလုပ်အကိုင် အခွင့်အလမ်း နည်းပါးမှု၊ မြေယာပိုင်ဆိုင်မှု အငြင်းပွားမှုတွေနဲ့ စိုက်ပျိုးစရိတ်ကြီးမြင့်ပြီး သင့်မြတ်တဲ့ကုန်ဈေးနှုန်းနဲ့ သင့်တော်တဲ့ လုပ်ခဝင်ငွေမရရှိမှုတွေဟာ နိုင်ငံရဲ့ ကျောရိုးဖြစ်တဲ့ အလုပ်သမားနဲ့ တောင်သူလယ်သမားထု ရင်ဆိုင်နေရတဲ့ အဓိကပြဿနာပါ။ ဒီအခြေခံလူတန်းစားတွေရဲ့ ဘဝလုံခြုံမှုမရှိသရွေ့၊ ကျွန်တော်တို့ရဲ့ နိုင်ငံဟာလည်း စစ်မှန်တဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိမှာ မဟုတ်ပါဘူး။

**လေဘာပါတီ၏ ရည်မှန်းချက်**

ဒါကြောင့် ကျွန်တော်တို့ လေဘာပါတီဟာ အဓိကရည်မှန်းချက် (၃) ရပ်ကို ချမှတ်ထားပါတယ်။

(၁) မျှတသော လုပ်ခလစာ၊ အလုပ်သမားအခွင့်အရေးနှင့် လုံခြုံမှု ရရှိရေး

(၂) လယ်ယာမြေနှင့် လယ်ယာထွက်ကုန် တန်ဖိုးမြှင့်တင်နိုင်ရေး

(၃) ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေးစနစ် တည်ဆောက်နိုင်ရေးတို့ ဖြစ်ပါတယ်။

ဒီရည်မှန်းချက်တွေဟာ လူမှုတရားမျှတမှုနဲ့ စီးပွားရေးတန်းတူညီမှုကို အခြေခံတဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်ဖို့အတွက် ကျွန်တော်တို့ရဲ့ မဟာဗျူဟာပဲ ဖြစ်ပါတယ်။

**ပါတီ၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို တင်ပြရမယ်ဆိုရင် –**

ပြည်သူလူထုကြီးခင်ဗျား – ကတိစကားသက်သက်မဟုတ်ဘဲ ကျွန်တော်တို့ပါတီဟာ လက်တွေ့ကျတဲ့ မူဝါဒတွေနဲ့ ပြည်သူများရဲ့ဘဝကို တိုးတက်စေရမယ်လို့ ယုံကြည်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ နိုင်ငံရေးမူဝါဒ သဘောထားကတော့ ပါတီစုံပါဝင်တဲ့ နိုင်ငံသားများဦးဆောင်သည့် နိုင်ငံရေးလမ်းစဉ်ကို ကျင့်သုံးနိုင်ရေး ဖြစ်ပါတယ်။

**ပါတီရဲ့ လုပ်ငန်းစဉ်များအဖြစ်**

* ပြည်သူ/ပြည်သားအားလုံးနှင့် အလုပ်သမားများဥပဒေအရ ခံစားခွင့်နှင့် ရပိုင်ခွင့်များ ညီတူညီမျှခံစားနိုင်ရေး။
* သက်ကြီးရွယ်အိုများနှင့် အလုပ်အကိုင်မရှိသူများအား နိုင်ငံတော်ရန်ပုံငွေမှ အထောက်အပံ့ပြုနိုင်ရေး။
* ဥပဒေပြုရေး ၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ကာကွယ်ရေးနှင့် စီးပွားရေးကဏ္ဍများတွင် ပြည်ထောင်စုဖွား နိုင်ငံသားများ၏ ဦးဆောင်နိုင်ခွင့်နှင့် ဦးစားပေးရထိုက်ခွင့် ခံစားရရှိနိုင်ရေးနှင့် ပြည်ထောင်စုဖွား နိုင်ငံသားများကို အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးမူဝါဒလမ်းစဉ်များကို သင့်တော်သည့် နည်းလမ်းများဖြင့် ဖော်ထုတ်နိုင်ရေးတို့ ဖြစ်ပါတယ်။

**အထူးသဖြင့် အလုပ်သမားအခန်းကဏ္ဍအတွက်**

* အနည်းဆုံး လုပ်ခလစာတိုးမြှင့်ခြင်း၊ လက်ရှိ ကုန်ဈေးနှုန်းအပေါ်မူတည်၍ နေထိုင်စားသောက်နိုင်လောက်သော မျှတသည့် အနည်းဆုံးလုပ်ခလစာ(Minimum Salary) သတ်မှတ်နိုင်ရန် ဥပဒေကြမ်းကို တင်သွင်းပါမယ်။
* အလုပ်သမားသမဂ္ဂများ အားကောင်းစေခြင်း၊ အလုပ်ရှင်/အလုပ်သမားများအကြား အငြင်းပွားမှုများတွင် အလုပ်သမားများဘက်မှ ရဲရဲဝံ့ဝံ့ရပ်တည် ကာကွယ်ပေးမယ့် လွတ်လပ်သော အလုပ်သမားသမဂ္ဂများကို ဥပဒေအရ အကာအကွယ်ပေးပြီး အားကောင်းလာအောင် ဆောင်ရွက်ပေးပါမယ်။
* လူမှုဖူလုံရေးကဏ္ဍမြှင့်တင်ခြင်းနှင့် အလုပ်သမားများအတွက် ပင်စင်လစာ၊ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို အာမခံနိုင်မယ့် ခိုင်မာသော လူမှုဖူလုံရေးစနစ်ကို ချဲ့ထွင်ဖော်ဆောင်ပါ့မယ်။
* နိုင်ငံတော်ရဲ့ လူဦးရေ ၇၀ % ဟာ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နေထိုင်သူများ ဖြစ်ပါတယ်။

**ဒါကြောင့် လယ်သမားအခန်းကဏ္ဍအတွက် –**

* မြေယာလုပ်ပိုင်မှု ခိုင်မာစေခြင်း၊ မြေယာလုပ်ပိုင်မှု အငြင်းပွားမှုတွေကို ဥပဒေအရ မြန်ဆန်စွာဖြေရှင်းပေးပြီး လယ်သမားများ လက်ဝယ်ရှိ မြေယာများအတွက် ခိုင်မာသောလုပ်ပိုင်ခွင့်ကို ရရှိနိုင်ရေး အာမခံပါ့မယ်။
* စိုက်ပျိုးစရိတ်လျှော့ချရေး ၊ ဈေးကွက်ရှာဖွေရေးနှင့် စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများကို ဈေးနှုန်းချိုသာစွာ ရရှိနိုင်ရန် ထောက်ပံ့ပေးပြီး လယ်ယာထွက်ကုန်များကို သင့်တင့်သော ဈေးနှုန်းရရှိစေရန်အတွက် ပြည်ပဈေးကွက်နဲ့ ချိတ်ဆက်ပေးပါ့မယ်။
* လယ်သမားကြွေးမြီပြဿနာ ဖြေရှင်းရေးနှင့် ဒုက္ခရောက်နေသော လယ်သမားများ၏ ကြွေးမြီများကို ဖြေလျှော့ပေးပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အတိုးနှုန်းသက်သာသော ရေရှည်ချေးငွေစနစ်ကို စတင်ဖော်ဆောင်ပါ့မယ်။

**ချစ်သော အလုပ်သမား၊ လယ်သမား၊ ပြည်သူများတို့ ခင်ဗျား–**

ကျွန်တော်တို့ လေဘာပါတီရဲ့ အနာဂတ်မျှော်မှန်းချက်ဟာ "ခေတ်နောက်ကျ ကျန်ရစ်သူ၊ အမြဲတမ်းမျက်ကွယ်ပြုခံနေရသူ၊ စစ်မှန်သော တိုးတက်မှုအသီးအပွင့်ကို မခံစားရသေးသူများ" အတွက် မွေးဖွားလာတဲ့ ပါတီဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဘယ်သူ့ကိုမှ မမုန်းတီးပါဘူး။ "လူမှုတရားမျှတမှုမရှိခြင်းနဲ့ ဆင်းရဲနွမ်းပါးမှု"ကိုသာ မုန်းတီးပါတယ်။

ကျွန်တော်တို့ လေဘာပါတီဟာ စီးပွားရေးစနစ်တစ်ခုလုံးကို အလုပ်သမားနဲ့ လယ်သမားများရဲ့ အကျိုးစီးပွားအတွက် ဦးတည်တဲ့ မူဝါဒတွေနဲ့ ပြောင်းလဲပစ်မှာပါ။ အလုပ်ကို လေးစားတဲ့ နိုင်ငံ၊ ချွေးနဲ့စာကို တန်ဖိုးထားတဲ့နိုင်ငံကို တည်ဆောက်သွားပါမယ်။ ဒီလို အပြောင်းအလဲအတွက် ကျွန်တော် တစ်ဦးတည်း၊ တစ်ပါတီတည်းနဲ့ မရပါဘူး။ ပြည်သူအားလုံးရဲ့ အား၊ ပြည်သူအားလုံးရဲ့ မဲဆန္ဒ လိုအပ်ပါတယ်။

ဒါကြောင့် ဒီတစ်ကြိမ်ရွေးကောက်ပွဲမှာ ပြည်သူတွေရဲ့ ဘဝဖွံ့ဖြိုးတိုးတက်စေဖို့ ကိုယ်စားလှယ်ကောင်းများကို ရွေးချယ်ကြပါ။ လူမှုဘဝဒုက္ခများကို ဖယ်ရှားနိုင်ရေးအတွက် လေဘာပါတီကို ရဲရဲဝံ့ဝံ့ မဲပေးကြပါ။ ဒီမဲဟာ သင်တို့ရဲ့ လုပ်ခလစာကို တိုးတက်စေမယ့် မဲ၊ သင်တို့ရဲ့ မြေယာလုပ်ပိုင်မှုကို လုံခြုံစေမယ့် မဲ၊ သင်တို့ရဲ့ သားသမီးတွေကို ပညာတတ်ဖြစ်စေမယ့် မဲ၊ သင်တို့ရဲ့ မိသားစုဘဝကို ဖွံ့ဖြိုးတိုးတက်စေမဲ့ မဲ ဖြစ်ပါတယ်။ မဲဆန္ဒနယ်မြေအသီးသီးမှာ ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့ လေဘာပါတီရဲ့ ကိုယ်စားလှယ်လောင်းများဟာ ပြည်သူပြည်သားများထဲက ထွက်ပေါ်လာသူများ ဖြစ်ပါတယ်။ သူတို့ဟာ သင်တို့ရဲ့ အခက်အခဲတွေကို အတူရင်ဆိုင်ဖြေရှင်းပေးသွားမယ့် သူတွေပါ။

**ဒါကြောင့် နိဂုံးချုပ်အနေနဲ့ ပြောကြားချင်တာကတော့ –**

"ဒီရွေးကောက်ပွဲဟာ သမိုင်းဝင် အခွင့်အရေးပါ။ ဒီအခွင့်အရေးကို လက်လွတ်မခံကြပါနဲ့။ တရားမျှတမှု၊ တန်းတူညီမျှမှု၊ ကောင်းမွန်တဲ့ လူမှုဘဝတစ်ခုအတွက် ဖော်ဆောင်နိုင်ဖို့ရန် လေဘာပါတီကို မဲပေးကြပါလို့ လေးစားစွာ တိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါတယ်။"

**ပြည်သူပြည်သားအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ။
ကျေးဇူးတင်ပါတယ်ခင်ဗျား။**

---

**✻ ကျောဖုံးမှ**

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးသောင်းအေး(ငြိမ်း)၊ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုတို့က အချက်ပြတာလွှတ်ပေးကြသည်။

RUNDERFUL BAGAN TEMPLE RUN 2025 မာရသွန်အပြေးပြိုင်ပွဲ ၁၀ ကီလိုမီတာတန်း၌ အမျိုးသား အမျိုးသမီး ၄၁၁ ဦး၊ ၂၁ ကီလိုမီတာတန်း၌ အမျိုးသား အမျိုးသမီး ၄၆၀၊ ၄၂ ကီလိုမီတာတန်း၌ အမျိုးသား အမျိုးသမီး ၁၁၀ စုစုပေါင်း ပြိုင်ပွဲဝင် ၉၈၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ဒုတိယဗိုလ်ချုပ်ကြီးသောင်းအေး(ငြိမ်း)၊ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ကိုဦး၊ ညောင်ဦးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီတာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

မာရသွန်အပြေးပြိုင်ပွဲ ၁၀ ကီလိုမီတာတန်းတွင် ဆုရရှိခဲ့သည့် အပြေးအားကစားသမားများအား ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ်သုံးသိန်း၊ တတိယဆု ငွေကျပ် နှစ်သိန်း၊ ၂၁ ကီလိုမီတာတန်းတွင် ဆုရရှိခဲ့သည့် အပြေးအားကစားသမားများအား ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်းနှင့် ၄၂ ကီလိုမီတာတန်းတွင် ဆုရရှိခဲ့သည့် အပြေးအားကစားသမားများအား ပထမဆု ငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ခုနစ်သိန်း၊ တတိယဆု ငွေကျပ် ငါးသိန်းနှင့် MARS Co.,ltd.၊ Beroco Co.,Ltd.၊ Herbal Active Co.,Ltd. တို့က လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

**❍ ခရိုအေးရှားမှ**

ခရိုအေးရှားအသင်းနဲ့ ဖာရိုးကျွန်းစုအသင်းတို့ ပွဲစဉ်မှာ ခရိုအေးရှားအသင်း အတွက် သွင်းဂိုးတွေကို ဂျီဗာဒီယိုးလ်က တစ်ဂိုး၊ ပီတာမူဆာက တစ်ဂိုးနဲ့ နီကိုလာဗီလာဆစ်က တစ်ဂိုး အသီးသီးသွင်းယူပေးခဲ့ပြီး ဖာရိုးကျွန်းစုအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ တူရီက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ခရိုအေးရှားအသင်းဟာ ဖာရိုးကျွန်းစုအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် အုပ်စုအဆင့် ခုနစ်ပွဲကစားပြီးချိန်မှာ ရမှတ် ၁၉ မှတ် စုဆောင်းနိုင်ခဲ့ကာ ကမ္ဘာ့ဖလားဝင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

ခရိုအေးရှားအသင်းဟာ ၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဗိုလ်လုပွဲအဆင့် တက်လှမ်းနိုင်ခဲ့တဲ့အပြင် ၂၀၂၂ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ဆီမီးဖိုင်နယ်အဆင့်အထိ တက်လှမ်းနိုင်ခဲ့တာ ဖြစ်ပါတယ်။

ခရိုအေးရှားအသင်းဟာ ဖာရိုးကျွန်းစုအသင်းကို အနိုင်ရရှိခဲ့ပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်ရရှိခဲ့ပြီ ဖြစ်တာကြောင့် အင်္ဂလန်အသင်းနဲ့ ပြင်သစ်အသင်းတို့အပါအဝင် ဥရောပဇုန်မှ ကမ္ဘာ့ဖလားဝင်ခွင့်ရ အသင်း သုံးသင်းရှိသွားပြီ ဖြစ်ပါတယ်။

နိုဝင်ဘာ ၁၄ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ ဥရောပဇုန် ခြေစစ်ပွဲ အခြားသော ပွဲစဉ်တွေမှာတော့ ဂျာမနီက လူဇင်ဘတ်ကို နှစ်ဂိုး–ဂိုးမရှိ၊ ဆလိုဗက်ကီးယားက မြောက်အိုင်ယာလန်ကို တစ်ဂိုး–ဂိုးမရှိ၊ မော်တာက ဖင်လန်ကို တစ်ဂိုး–ဂိုးမရှိ၊ မွန်တီနီဂရိုးက ဂျီဘရော်တာကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ပိုလန်နဲ့ နယ်သာလန်တို့ပွဲစဉ်မှာတော့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်မြို့တွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး၊ ကော်ဖီပျိုးပင် စိုက်ပျိုး



**ပုသိမ် နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာများ သန့်ရှင်းသာယာလှပရေး၊ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် လမ်းဘေးဝဲ/ယာများ သန့်ရှင်းသာယာလှပရေးအတွက် တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက အပတ်စဉ်စနေ့နေ့တိုင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ပုသိမ်မြို့အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပုသိမ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆောင်ရွက်သော ရွှေမြင်တင်ကျေးရွာအုပ်စု သစ်ပုတ်ကုန်းကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့် အတူ ကွန်ကရစ်လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**ကော်ဖီပျိုးပင်စိုက်ပျိုး**

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုသိမ်ခရိုင် သာပေါင်းမြို့နယ် လှေကြီးတက်ကျေးရွာ ရဝေမြိုင်သီဟိုဠ်ခြံ ဧက ၁၅၀ တွင်ပြုလုပ်သော ကော်ဖီပျိုးပင်ပေးအပ်ပွဲနှင့် စိုက်ပျိုးပွဲအခမ်းအနားသို့တက်ရောက်ပြီး တက်ရောက်လာကြသူများနှင့်အတူ ကော်ဖီပျိုးပင်များ စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဘားအံမြို့၌ အခြေခံပညာမူလတန်းအဆင့် သင်ကြားသင်ယူမှုအရည်အသွေးမြှင့်သင်တန်း ဖွင့်လှစ်



**ဘားအံ နိုဝင်ဘာ ၁၅**

ကရင်ပြည်နယ် ဘားအံမြို့တွင် အခြေခံပညာမူလတန်းအဆင့် သင်ကြားသင်ယူမှု အရည်အသွေးမြှင့်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ပြုလုပ်သည်။

ဖွင့်ပွဲတွင် ပြည်နယ်ပညာရေးမှူး ဦးစသိန်းကျော်က အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းကို ဘားအံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ မူလတန်းအဆင့် အတန်းစုံသင်ကြားနေသော မူဆင့်သင်ဆရာ ဆရာမများ၊ မူအုပ်များ စုစုပေါင်း ၈၈၉ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဘက်ရဲမြို့ မြို့မဈေး၌ မီးဘေးလုံခြုံရေး အသိပညာပေးစစ်ဆေး

**ကြံခင်း နိုဝင်ဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ဘက်ရဲမြို့ အမှတ်(၁) ရပ်ကွက် မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဈေးကော်မတီအဖွဲ့များပူးပေါင်းကာ နိုဝင်ဘာ ၁၃ ရက်က အသိပညာပေးစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။

အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ဘက်ရဲနယ်မြေမီးသတ်စခန်းတာဝန်ခံ ဒုတိယမီးသတ်ဦးစီးမှူး ဦးစည်သူအောင်နှင့် သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က မြို့မဈေးအတွင်းမီးဘေးလုံခြုံရေးစစ်ဆေးကာ မီးဘေးကာကွယ်တားဆီးနိုင်ရေးအတွက် လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်များကို အသိပညာပေးမှာကြားခဲ့ကြောင်း သိရသည်။

**ရောဦးသာ**

# မုဒုံမြို့၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပ

**မုဒုံ နိုဝင်ဘာ ၁၅**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ ရှင်အရဟံခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်သိမ်းက ဖတ်ကြားသည်။

ထို့နောက် (၁၀၅)နှစ်မြောက်အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အထက်တန်း/အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**



မွန်ပြည်နယ် မုဒုံမြို့နယ်တွင် စက်သုံးဆီများ ဖြန့်ဖြူးရောင်းချနေသည့် ဆိုင်များအား နိုဝင်ဘာ ၁၄ ရက်က မြို့နယ်ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးဆပ်ကော်မတီအတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်းထွန်းနိုင် ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းကာ စက်သုံးဆီဆိုင်များတွင် ဆီပြတ်လပ်မှု မရှိစေရေး၊ စက်သုံးဆီဈေးနှုန်း အတက်အကျပေါ်မူတည်၍ သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချရေး ကွင်းဆင်းစစ်ဆေးစဉ်။

ရာမည(ပြန်/ဆက်)

# ကော့သောင်းမြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ထုတ်ချေးငွေများ ပေးအပ်

**ကော့သောင်း နိုဝင်ဘာ ၁၅**

တနင်္သာရီတိုင်း ဒေသကြီး ကော့သောင်းမြို့နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေလျှောက်ထားသူများအား တတိယအကြိမ် မတည်ထုတ်ချေးငွေများ ပေးအပ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် ခရိုင်စီမံကိန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲမြတ်တင့်က အမှာစကားပြောကြား၍ မြို့နယ်စီမံကိန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းထက်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် တောင်သူ ၁၅ ဦးအား လိုအပ်သည်များစိစစ်၍ချေးငွေ သဘောတူစာချုပ်များ ချုပ်ဆိုကာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မတည်ထုတ်ချေးငွေကျပ် ၂၇၂ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



## တောင်ငူမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

တောင်ငူ နိုဝင်ဘာ ၁၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် သစ်တောဦးစီးဌာနမှ ဦးဆောင်၍ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ ခရိုင်အဆင့် အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက တောင်ငူမြို့နယ် သစ်တောဦးစီးဌာန ကံရိုးပျိုးဥယျာဉ်၌ ဆောင်ရွက်သည်။

ဟောပြောပွဲတွင် တောင်ငူခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဝင်းသူက ကံရိုးကျေးရွာမှ ဒေသခံပြည်သူများအား သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေး ဟောပြောဆွေးနွေးခဲ့ပြီး ဒေသခံပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားသည်။ ခရိုင်(ပြန်/ဆက်)

## ပြင်ဦးလွင်မြို့၌ မြန်မာအီလက်ထရောနစ်မဲပေးစက် ကိုင်တွယ်အသုံးပြုနည်း သရုပ်ပြပွဲကျင်းပ

ပြင်ဦးလွင် နိုဝင်ဘာ ၁၅

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းဆွေးနွေးခြင်းနှင့် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) ကိုင်တွယ်အသုံးပြုနည်း သရုပ်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ပရဟိတမျက်မမြင် ပညာသင်ကျောင်းရှိ ပဋ္ဌာန်းမြတ်ဂုဏ်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးကြိုင်က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံး မန္တလေး(ရုံးခွဲ)တာဝန်ခံ ဦးအောင်ကောင်းမြတ်က အမှာစကားပြောကြားပြီး တက်ရောက်လာသူများက လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခဲ့ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)





## မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ အသိပညာပေး

ပဲခူး နိုဝင်ဘာ ၁၅

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ မဲဆန္ဒရှင်များ မဲပေးရာတွင် မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM)များကို ကျွမ်းကျင်ပိုင်နိုင်စွာအသုံးပြု၍ မဲပေးနိုင်ရေး အတွက် ပဲခူးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ ဦးဆောင်မှုဖြင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများပါဝင်သည့် ကွင်းဆင်းအဖွဲ့များက နိုဝင်ဘာ ၁၄ ရက်တွင် ပဲခူးမြို့နယ်အတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာရုံး၊ တပ်ရင်း၊ တပ်ဖွဲ့၊ တပ်နယ်များ၊ ပဲခူးမြို့ပေါ် ရပ်ကွက်(၃၁)ရပ်ကွက်နှင့် ကျေးရွာများသို့ သွားရောက်၍ အသိပညာပေးခြင်း၊ လက်တွေ့စမ်းသပ်မဲပေးမှု သရုပ်ပြခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ဒဂုံတက္ကသိုလ်တည်ထောင်ခြင်း (၃၂)နှစ်မြောက် အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်) ဒဂုံတက္ကသိုလ်၌ ဒဂုံတက္ကသိုလ်တည်ထောင်ခြင်း(၃၂)နှစ်မြောက် အထိမ်းအမှတ်အဖြစ် သုတေသနစာတမ်းဖတ်ပွဲကို ယင်းတက္ကသိုလ်ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။

ဦးစွာ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက သုတေသနစာတမ်းဖတ်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သုတေသနစာတမ်းဖတ်ပွဲကို ဝိဇ္ဇာဘာသာရပ်နှင့် သိပ္ပံဘာသာရပ်များအတွက် Parallel Section ပြုလုပ်ကာ ဖတ်ကြားပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဌာနမှူးများက သုတေသနစာတမ်းဖတ်ကြားသည့် သိပ္ပံဘာသာရပ် ၁၂ ဦးနှင့် ဝိဇ္ဇာဘာသာရပ် ၁၂ ဦးတို့အား ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဇွဲမင်းထက်(ပြန်/ဆက်)

## ပေါင်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးဆောင်ရွက်

ပေါင် နိုဝင်ဘာ ၁၅

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးရေး၊ မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်နိုင်ရေးအတွက် သတိပေးနှိုးဆော်ခြင်း၊ မီးဘေးကြိုတင် ကာကွယ်ရေး လုပ်ငန်းများကို ပေါင်မြို့နယ် မီးသတ်ဦးစီးဌာနမှ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မြို့နယ် မီးသတ်ဦးစီးဌာနမှ ဌာနဆိုင်ရာရုံးများတွင် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးသည်။

ထိုသို့ စစ်ဆေးဆောင်ရွက်ရာတွင် ရုံးများ၌ မီးသုံးစွဲမှုများ



စနစ်တကျဆောင်ရွက်ကြရန်နှင့် မီးအသုံးပြုစဉ် လူစောင့်ရှိရေး၊ လျှပ်စစ်မီးများ စနစ်တကျ အသုံးပြုရေး၊ ရုံးတွင်လူမရှိချိန်၌ မိန်းခလုတ်များ ချထားရေး၊ မီးလောင်မှုဖြစ်ပွားပါက မိမိရုံးရှိ မီးငြိမ်းသတ်နိုင်သော ပစ္စည်းများဖြင့် ကနဦးမီးငြိမ်းသတ်ပြီး မီးသတ်ဦးစီးဌာနသို့ အချိန်မီ အကြောင်းကြားကြရန် အသိပညာပေး၍ ပညာပေးလက်ကမ်းစာစောင်ဝေငှပြီး အရေးပေါ် ဖုန်းနံပါတ်ပါသော မီးသတိပြုစာတန်းပါ ကြော်ငြာစာရွက်ကို အဆောက်အအုံများတွင် ပညာပေးကပ်ပေးကြသည်။

### ပညာပေးဆောင်ရွက်

ပြည်သူများ မီးဘေးအန္တရာယ်ကင်းဝေးစေရေး ပညာပေးခြင်းကို မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းဇော်၊ သန္နေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ စစ်ဆေးကာ မီးဘေးလုံခြုံရေး အထူးဂရုပြုရန် ပညာပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မွန်မလေး(ပြန်/ဆက်)

## ဒလမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကျင်းပ

ဒလ နိုဝင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ရဲချောင်းဝကျေးရွာ တောင်သူ ဦးဝင်းမြင့်၏ စိုက်ကေငါးကေပေါ်တွင် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးရာသီတွင် စိုက်ပျိုးခဲ့သော စပါးမျိုးသစ် (အောင်နိုင်တိုး) စပါးမျိုးအား စံပြစိုက်ခင်း စံကွက်ရိတ်သိမ်းပွဲနှင့် မိုးစပါးစိုက်ပြီး နွေစပါးအပါအဝင် သီးထပ်စိုက်ပျိုးမည့် တောင်သူများသို့ နေကြာမျိုးစေ့၊ ပိုက်ဆံလျှော်မျိုးစေ့နှင့် စပါးမျိုးစေ့ချကိရိယာ ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်က ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် သန်လျင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးတို့က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူးက အသစ်ထုတ်လုပ်ထားရှိသော စပါးမျိုးစေ့ချကိရိယာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးတာဝန်ခံနှင့် ခရိုင်စိုက်ပျိုးရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်



ရေးကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက တောင်သူများသို့ နေကြာမျိုးစေ့၊ ပိုက်ဆံလျှော်မျိုးစေ့နှင့် စပါးမျိုးစေ့ချကိရိယာများ ပေးအပ်ပြီး စံပြစိုက်ခင်း စံကွက်ရိတ်သိမ်းခြင်းများ ဆောင်ရွက်ရာ ရိတ်သိမ်းရရှိသည့် စပါးအထွက်နှုန်း တစ်ဧကလျှင် အစို ၁၄၉ ဒသမ ၇၄ တင်း၊ အခြောက် ၁၂၇ ဒသမ ၂၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

ရဲရင့်သူ(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးစိုးထွန်း ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၁၄ ရက်တွင် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် သဲတော အမှတ်(၃)ရပ်ကွက်ရှိ လူနေအိမ်များ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ကွင်းဆင်းစစ်ဆေးစဉ်။ မြို့နယ်(ပြန်/ဆက်)

## ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု

# မြစ်ကူးတံတားကြီးများကြောင့် ဒေသစီးပွား ဖွံ့ဖြိုးစေခဲ့ပြီ

**သတင်းဆောင်းပါး - ကေတာ**

တံတားကြီး၏ အနီးကပ်ရှုမြင်ကွင်းသည် နံနက်ခင်း နေရောင်ခြည်အောက်တွင် အံ့ဖွယ်လှပလွန်းသည်။ တံတား၏အောက်ခြေက မြစ်ရေပြင်သည် ငြိမ်သက်စွာစီးဆင်းနေပြီး နေရောင်ဟပ်မှုကြောင့် မှန်တစ်ချပ်လို လင်းလက်တောက်ပကာ မြစ်ရေပြင်ပေါ်တွင် ရွှေရောင်လင်းထိန်နေသည်။ တံတား၏ သံမဏိကြိုးများက သန်မာလွန်းလှပြီး နေရောင်၏ နူးညံ့သည့်အလင်းနှင့် ဆန့်ကျင်ဘက်တည်ရှိနေသည်။ ကြည်လင်သည့်ကောင်းကင်၊ စိမ်းစိုနေသည့် သဘာဝရေမြေ သစ်ပင်သစ်တောတို့နှင့် လိုက်ဖက်ပနံရနေပြီး အေးချမ်းသည့် သဘာဝပန်းချီကားတစ်ချပ်ကို ကြည့်ရှုရသကဲ့သို့ ခံစားရမည်ဖြစ်သည်။

**ဂျိုင်း (ဇာသပြင်) တံတားသစ်**

တံတားကြီးသည်အများပြည်သူအတွက်ဆက်သွယ်သွားလာနိုင်ရုံသာမက သဘာဝ၏အလှကိုပါ ထိတွေ့ခံစားနိုင်သော အနုပညာလက်ရာတစ်ခုကဲ့သို့ ခံ့ထည်စွာတည်ရှိနေသည်။ ယခုနှစ် ဒီဇင်ဘာလကုန်တွင် ပြီးစီးမည်ဟု ခန့်မှန်းထားသည့် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် အရှေ့-အနောက်စီးပွားရေးစင်္ကြံလမ်းမကြီးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဂျိုင်း (ဇာသပြင်) တံတားသစ်ကြီးဖြစ်သည်။

ဂျိုင်း (ဇာသပြင်) တံတားသစ် တည်ဆောက်ရေးလုပ်ငန်းများကို JICA ODA Loan ဖြင့် ၂၀၂၀ ပြည့်နှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး တံတားအမျိုးအစားမှာ သံမဏိကြိုးဆိုင်းတံတား (Cable-stayed Bridge) ဖြစ်ကာ တည်ဆောက်ပြီးစီးပါက လက်ရှိ မြန်မာနိုင်ငံတွင် ခန်းဖွင့်အကျယ်ဆုံး တံတားဖြစ်လာမည်ဟု ခန့်မှန်းထားသည်။

ဂျိုင်း (ဇာသပြင်) မြစ်ကူးတံတားသစ်ကြီး တည်ရှိသည့် အရှေ့-အနောက်စီးပွားရေး စင်္ကြံလမ်းမကြီးသည် မြန်မာ၊ ထိုင်း၊ လာအိုနှင့် ဗီယက်နမ် စသည့် အာဆီယံနိုင်ငံများအကြား အဓိကဆက်သွယ်သော လမ်းမကြီးဖြစ်သည့်အတွက် တိုးတက်များပြားလာသည့် ယာဉ်စီးရေအရ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရန်နှင့် တန် ၆၀ ကားများ ဖြတ်သန်းသွားလာနိုင်စေရန် အဓိကရည်ရွယ်ပြီး အဆင့်မြင့်တင် တည်ဆောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

**ဂျိုင်း(အတ္ထရံ)တံတား**

ထို့အတူ ပြည်နယ်အတွင်း ဂျိုင်း(အတ္ထရံ)တံတားကို ၁၉၉၈ ခုနှစ်က တည်ဆောက်အသုံးပြုခဲ့သော်လည်း နေ့စဉ်ဖြတ်သန်းသွားလာသော ယာဉ်စီးရေများပြားလာခြင်းနှင့် ကုန်စည်များ ပိုမိုဖြတ်သန်းစီးဆင်းလာခြင်းတို့ကြောင့် ခံနိုင်ဝန်အားအရ ၁၃ တန်သာ လျှော့ချခွင့်ပြုထားပြီး အိမ်စီးယာဉ်ငယ်များနှင့် ကုန်တင်ယာဉ်ငယ်များသာ ဖြတ်သန်းခွင့်ပြုထားသည့်အတွက် မော်လမြိုင်တစ်ဖက်ကမ်းရှိ စက်မှုဇုန်များသို့ ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာရန် ခက်ခဲခဲ့ရသည်။

ယခုအခါ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်တည်ဆောက်ပေးထားသည့် အတ္ထရံတံတားသစ် တည်ဆောက်ရေးစီမံကိန်းကို တံတားဟောင်း၏ ရေဆန်ဘက် ၄၅ မီတာ အကွာတွင် ကပ်လျက် ဆောင်ရွက်လျက်ရှိသည်။



ဂျိုင်း(အတ္ထရံ) တံတား ပုံစံငယ်ကို တွေ့ရစဉ်။

ယခုတံတားသစ် တည်ဆောက်ရေးလုပ်ငန်းသည် မြန်မာအင်ဂျင်နီယာများအတွက် ခေတ်မီတံတားတည်ဆောက်ရေးနည်းပညာ၊ ဒီဇိုင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာအတွေ့အကြုံများ၊ နည်းပညာဗဟုသုတများစွာ တိုးပွားစေပြီး ကျွမ်းကျင်မှုနှင့် ယုံကြည်မှု ပိုမိုမြင့်မားလာစေသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပြီး နိုင်ငံအတွက် နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီသော အရည်အသွေးရှိသည့် အင်ဂျင်နီယာများ ပေါ်ထွက်လာစေသော စီမံကိန်းတစ်ခုဖြစ်သည်။

**"ဒီတံတားသစ်နှစ်စင်းကို ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဂျပန်နိုင်ငံရဲ့ သက်သာသောအတိုးနှုန်းချေးငွေနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းတွေကိုတော့ တံတားဦးစီးဌာနက ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီတံတားသစ်နှစ်စင်းရှိတဲ့လမ်းပိုင်းဟာ မြန်မာနိုင်ငံ ရန်ကုန်သီလဝါရေနက်ဆိပ်ကမ်းမှ အိမ်နီးချင်း ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံတို့ကို ဖြတ်သန်းပြီး ဗီယက်နမ်နိုင်ငံ ဒါနန်းဆိပ်ကမ်းမြို့အထိ ခရီးပေါက်မှာဖြစ်ပါတယ်။ အရှေ့-အနောက်စီးပွားရေးစင်္ကြံလမ်းမကြီးပေါ်မှာရှိတဲ့ ပြည်တွင်းပြည်ပ ကုန်စည်စီးဆင်းမှုအတွက် အဓိကကျတဲ့ တံတားတွေလို့ ပြောလို့ရပါတယ်"** ဟု ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ပြောကြားသည်။

အဆိုပါ တံတားသစ်များကြောင့် မော်လမြိုင်- ကျိုက်မရောမြို့မှတစ်ဆင့် တရနာ- ဘုရားကုန်းလမ်းသို့ ဆက်သွယ်သွားလာနိုင်သည့်အပြင် မုဒုံ-မြဝတီလမ်းမှတစ်ဆင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့၊ ကော့ကရိတ်မြို့နှင့် မြဝတီမြို့တို့သို့လည်း ဆက်သွယ်သွားလာနိုင်ရာ ထိုင်းနိုင်ငံနှင့် ကုန်သွယ်ရေးဆက်သွယ်မှုကို အထောက်အကူပြုပြီး ပြည်တွင်း ပြည်ပကုန်စည်စီးဆင်းမှုအတွက် အဓိကအရေးပါသော ချိတ်ဆက်မှုတစ်ခုပင်ဖြစ်သည်။

**"မွန်ပြည်နယ်အတွင်းမှာ တံတားတွေ တည်ဆောက်ပေးနိုင်ခဲ့တဲ့အတွက် အချိန်မရွေး ဖြတ်သန်းသွားလာနိုင်တဲ့အပြင် မော်လမြိုင်အထူးစီးပွားရေးဇုန်နဲ့ ထားဝယ်ရေနက်ဆိပ်ကမ်းကို ဆက်သွယ်ပေးထားပါတယ်။ ထို့အတူပဲ ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးအထိ သွားလာရေးက ပိုအဆင်ပြေသွားမှာဖြစ်ပါတယ်။ အချိန်တိုအတွင်း ရောက်ရှိနိုင်တဲ့အတွက် ပြည်တွင်း ပြည်ပကုန်စည်စီးဆင်းမှုကို အထောက်အပံ့ဖြစ်စေပါတယ်။ ပြည်နယ်အတွင်းမှာ ချောင်းဆုံတံတား တည်ဆောက်အသုံးပြုနိုင်တဲ့အတွက် မော်လမြိုင်မြို့နဲ့ ချောင်းဆုံမြို့ကို အလွယ်တကူ ဆက်သွယ်သွားလာနိုင်တယ်။ ပြီးတော့ ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွကျေးရွာရှိ အတ္ထရံတံတား (ချောင်းနှစ်ခွ) ကလည်း ဒေသစီးပွားရေးကို အထောက်အကူဖြစ်စေတဲ့တံတားဖြစ်ပါတယ်။ ဒါပေမဲ့ လက်ရှိမှာ ဒီတံတားက အကြမ်းဖက်သူတွေရဲ့ ဖျက်ဆီးမှုကြောင့် အသုံးပြုလို့မရသေးပါဘူး။ ပြည်နယ်အတွင်းက တံတားကြီးတွေဟာ မွန်ပြည်နယ်နဲ့ ကရင်ပြည်နယ်က တိုင်းရင်းသားပြည်သူတွေရဲ့ ရင်းနှီးချစ်ကြည်ရေး၊ ပြည်နယ်အချင်းချင်း ဆက်သွယ်ဆက်ဆံရေးကို အများကြီးအထောက်အကူ ဖြစ်စေပါတယ်"** ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောကြားသည်။

ထိုကဲ့သို့ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်တည်ဆောက်နေသည့် ဂျိုင်း(ဇာသပြင်)နှင့် ဂျိုင်း(အတ္ထရံ) တံတားသစ် တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြီးခဲ့သည့် အောက်တိုဘာ ၂၁ ရက်က ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

**အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်**

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက တံတားတည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး ကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။

ထို့အတူ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက တည်ဆောက်ထားပြီးဖြစ်သည့် အတ္ထရံမြစ်ကူးတံတားများက ဒေသစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုလျက်ရှိပြီး အတ္ထရံမြစ်ပေါ်တွင် အတ္ထရံ (ကြိုး) တံတား၊ အတ္ထရံ (ချောင်းနှစ်ခွ)နှင့် အတ္ထရံတံတား (စံပယ်ဂူ) တို့ကို တည်ဆောက်ထားပြီးဖြစ်သည်။

အတ္ထရံမြစ်က ကျိုက်မရောမြို့နယ်ကို ဖြတ်သန်းစီးဆင်းနေသည့်အတွက် သွားလာရေးခက်ခဲမှုတည်ရှိခဲ့သည်။ ထို့ကြောင့် အတ္ထရံမြစ် အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်း ကျေးရွာများရှိ ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူအဆင်ပြေစေရန် ကျိုက်မရောမြို့၏ အရှေ့ဘက် သုံးမိုင်ခန့်အကွာ ကျိုက်မရော-စံပယ်ဂူ-ကော့ပနော လမ်း အတ္ထရံတံတား(စံပယ်ဂူ) ကို **စာမျက်နှာ ၂၁ သို့** ❑



ဂျိုင်း (ဇာသပြင်)တံတား ပုံစံငယ်ကို တွေ့ရစဉ်။

# ဗိုလ်တထောင်ခရိုင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၅

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို နိုဝင်ဘာ ၁၃ ရက်တွင် ဗိုလ်တထောင်ခရိုင် သာကေတမြို့နယ် အမှတ်(၂) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ ကျင်းပသည်။



အဆိုပါပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး(မြို့တော်ဝန်) ဦးဗိုလ်ငွေး၊ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်း၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူး (ပညာ)ဦးမင်းဦး၊ ဗိုလ်တထောင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပွဲတော်ကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးဌေးအောင်က အမှာစကားပြောကြားပြီး စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ငွေးက အမှတ်(၂) အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ချီးမြှင့်ငွေနှင့် စာပေဟောပြောမည့် စာရေးဆရာ ဦးကျော်ကျော်လှိုင်အား တိုင်းဒေသကြီးဝန်ကြီးများက အမှတ်တရဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ ပွဲတော်လာ ကျောင်းသားလူငယ်များအား စာရေးဆရာ ဦးကျော်ကျော်လှိုင်က လူငယ်နှင့် စာဖတ်ခြင်းအကြောင်း ဟောပြောသည်။ ထို့နောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးပွဲတော် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## မြောင်းမြမြို့၌ မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်း လိုက်လံစစ်ဆေး

မြောင်းမြ နိုဝင်ဘာ ၁၅

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးအတွက် စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းတွင် မြို့ပေါ်ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ သွားရောက်ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြောင်းမြမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သည့်မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ သွားရောက်ပြီး မီးကိုစနစ်တကျအသုံးပြုစေရန်၊ မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ သဲအိတ်များ၊ ရေပုံးများ အသင့်ထားရှိရန်တို့ကို အသိပညာပေးဆွေးနွေးခဲ့ပြီး မီးလောင်မှုဖြစ်ပွားပါက မီးသတ်ဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားပေးရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ဇေယျာ(မြောင်းမြ)

## ရှမ်းပြည်နယ်မြောက်ပိုင်းရှိ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်

တောင်ကြီး နိုဝင်ဘာ ၁၅

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ သမဝါယမလုပ်ငန်းများကို နိုဝင်ဘာ ၁၄ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကျော်မိုးတင့်နှင့် တာဝန်ရှိသူများသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုင်းရယ်မြို့နှင့် လားရှိုးမြို့နယ်တို့ရှိ မြို့နယ်သမဝါယမဦးစီးဌာန ဝန်ထမ်းများနှင့် သမဝါယမအသင်းအဆင့်ဆင့်မှ အမှုဆောင်များ၊ အသင်းသားများနှင့် တွေ့ဆုံ၍ သမဝါယမအသင်း ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် ညွှန်ကြားချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရေး၊ သမဝါယမကဏ္ဍက ဆောင်ရွက်လျက်ရှိသည့် ကုန်ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်သွားကြရန်နှင့် စီမံကိန်းသီးနှံ (သက်တံ့ရောင်စီမံကိန်း) များကို လျာထားချက်အတိုင်း စိုက်ပျိုးဆောင်ရွက်ကြရန်၊ စီမံကိန်းသီးနှံ စိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ်မှု၊ ကြိတ်ခွဲဖြန့်ဖြူးမှု လုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် လားရှိုးမြို့နယ်ရှိ မြို့နယ် သမဝါယမအသင်းစုလီမိတက်က ဖွင့်လှစ်ထားသည့် မောရွှေလီ တည်းခိုခန်းအခြေအနေနှင့် လားရှိုးမြို့နယ်အတွင်းရှိ သမဝါယမ အသင်းများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **ဝိုးတောင်း**



မန္တလေး တိုင်းဒေသကြီး သာစည်မြို့နယ်အတွင်း မီးဘေးအန္တရာယ် ကင်းဝေးစေရန် မြို့နယ် မီးသတ်ဦးစီးဌာနက နိုဝင်ဘာ ၁၄ ရက်တွင် မြို့ပေါ်ရပ်ကွက်များ၌ အသံချဲ့စက်ဖြင့် အသိပညာပေးနှိုးဆော်ခြင်းများ လှည့်လည်ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

**လူမှုဘဝ ပြည့်စုံဖို့ နိုင်ငံသားကတ် ကိုင်ကြစို့**

**❝ တံတားသစ်များကြောင့် မော်လမြိုင် - ကျိုက်မရောမြို့မှတစ်ဆင့် တရနာ - ဘုရားကုန်းလမ်းသို့ ဆက်သွယ်သွားလာနိုင်သည့်အပြင် မုဒုံ-မြဝတီလမ်းမှတစ်ဆင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့၊ ကော့ကရိတ်မြို့နှင့် မြဝတီမြို့တို့သို့လည်း ဆက်သွယ်သွားလာနိုင်ရာ ထိုင်းနိုင်ငံနှင့် ကုန်သွယ်ရေးဆက်သွယ်မှုကို အထောက်အကူပြုပြီး ပြည်တွင်း ပြည်ပကုန်စည်စီးဆင်းမှုအတွက် အဓိကအရေးပါသော ချိတ်ဆက်မှုတစ်ခုပင်ဖြစ် ❞**

❏ စာမျက်နှာ ၂၀ မှ

ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနက ၂၀၂၀ ပြည့်နှစ်တွင် တည်ဆောက်ပေးခဲ့သည့်အတွက် မြစ်အရှေ့ဘက်ခြမ်းနှင့် အနောက်ဘက်ခြမ်းရှိ ကျေးရွာများသည် လမ်းပန်းဆက်သွယ်ရေးတိုးတက်ကောင်းမွန်လာပြီး လူမှုရေး၊ စီးပွားရေးနှင့် ကုန်စည်စီးဆင်းမှုများ ပိုမိုမြန်ဆန်တိုးတက်လာခဲ့သည်။


**လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး များစွာအထောက်အကူပြု**

ထို့အတူ ရန်ကုန် - ကျိုက်ထို - သထုံ - မော်လမြိုင် - ရေး - ထားဝယ် - မြိတ် - ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ မော်လမြိုင်မြို့နှင့် ပေါင်မြို့နယ် မုတ္တမမြို့အား ချိတ်ဆက်ထားသည့် သံလွင်တံတား (မော်လမြိုင်)၊ ဘားအံ - မော်လမြိုင်ကားလမ်းမပေါ်ရှိ မွန်ပြည်နယ် ကျိုက်မရောမြို့နယ်နှင့် ကရင်ပြည်နယ် ဘားအံမြို့နယ်တို့ကို ချိတ်ဆက်ထားသည့် ဇာသပြင်တံတား၊ မော်လမြိုင်မြို့ ဇရိယာအတွင်းရှိ ကျွဲခြံကုန်းရပ်ကွက်နှင့် စက်မှုဇုန်ရပ်ကွက်တို့အား ချိတ်ဆက်ထားသည့် အတ္တရံတံတားတို့ကို တည်ဆောက်နိုင်ခဲ့သည့်အတွက် ပြည်နယ်အတွင်းရှိ ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေခဲ့သည်။

**"ကျွန်တော်တို့ဒေသက ကုန်စည်စီးဆင်းမှုများတယ်။ လက်ရှိတံတားတွေက အသုံးပြုတာများတော့ ခံနိုင်ဝန်လျော့ကျလာတယ်။ ဒီတော့ မြန်မြန်ဆန်ဆန် လွယ်လွယ်ကူကူသုံးရအောင် တံတားသစ်တွေ အမြန်ပြီးစေချင်တာပေါ့။ တံတားသစ်ကြီးတွေ အသုံးပြုရတော့ ဒေသခံတွေအတွက်၊ ကျွန်တော်တို့လို ကုန်စည်ကူးသန်းရောင်းဝယ်ပြီး အသက်မွေးဝမ်းကျောင်းပြုသူတွေအတွက် ပိုပြီးအဆင်ပြေပါတယ်"** ဟု ဒေသခံတစ်ဦးက ပြောပြသည်။

ထိုသို့ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများအတွက် တံတားများ တည်ဆောက်ပေးနိုင်ခဲ့သောကြောင့် တံတားတည်ရှိရာဒေသများသည် ခရီးသွားလာရေးလွယ်ကူခြင်း၊ ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန်ခြင်းနှင့် ဒေသဖွံ့ဖြိုးခြင်း စသည့် ဖွံ့ဖြိုးမှုအသီးအပွင့်များကို တိုက်ရိုက်ခံစားရရှိနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# မဟာအောင်မြေမြို့နယ် သံလျက်မော်အရှေ့ရပ်ကွက် အဝေရာရာမ ရန်ကင်းကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် သံလျက်မော်အရှေ့ရပ်ကွက် အဝေရာရာမ ရန်ကင်းကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်ရှိ ဓမ္မာရုံ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၇၂ ပါးနှင့် ဒေသခံပြည်သူ ၁၅၂ ဦးတို့အား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူ လမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များနှင့် ဒေသခံပြည်သူများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ် ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ခရစ်ယာန်ကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၅**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်သင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် တက္ကသိုလ်များ၊ ပညာရေးကောလိပ်များနှင့် စာသင်ကျောင်းများ ဥပမိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးကို နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။




**စုပေါင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အပါအဝင် မြို့နယ် ၁၆ မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အပါအဝင် မြို့နယ် ငါးမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနိကအဆောက်အအုံများနှင့် ခရစ်ယာန်ဘုရားကျောင်းများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများအား ခြင်ဆေးဖျန်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထားဝယ်မြို့၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ထားဝယ် နိုဝင်ဘာ ၁၅**

တနင်္သာရီ တိုင်းဒေသကြီး ထားဝယ်မြို့နယ် အမှတ်(၄) အခြေခံပညာနှင့် စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းရှိ အောင်နိုင်တိုး မျိုးသန့်စပါးစံပြကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။



ထိုသို့ ရိတ်သိမ်းရာ စပါးအစို ၁၂၈ ဒသမ ၈၉ တင်း ထွက်ရှိကြောင်း သိရသည်။

**ငွေဇင်ယော်(ထားဝယ်)**


**လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)**

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။**

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ☎ ၀၂-၂၈၃၀၄၂၃


## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်)မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။


❖ **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

❖ **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

# ထိုင်းဘုရင် မဟာဝိဇယလောင်ကွန်းနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ တွေ့ဆုံ



**ပေကျင်း နိုဝင်ဘာ ၁၅**

ထိုင်းဘုရင် မဟာဝိဇယလောင်ကွန်းသည် တရုတ်နိုင်ငံသို့ ငါးရက်ကြာ နိုင်ငံတော်ခရီးစဉ်အဖြစ် ရောက်ရှိလျက်ရှိသည်။

တရုတ်နှင့်ထိုင်း နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခြင်း နှစ် (၅၀) ပြည့် အထိမ်းအမှတ်အဖြစ် လာရောက်ခြင်းဖြစ်သည်။

ထိုင်းဘုရင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ မြို့တော်ပေကျင်း ပြည်သူ့ခန်းမကြီး၌ တွေ့ဆုံခဲ့ကြောင်း သိရသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်က နှစ်နိုင်ငံ၏ သမိုင်းဝင်သောနေ့ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံကြား ဆက်ဆံရေးစာမျက်နှာသစ်ကို ပူးတွဲရေးသားလိုကြောင်း ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံအနေဖြင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန်နှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရန် ဆန္ဒရှိကြောင်း ဘုရင်က ရှီအား ပြောကြားခဲ့သည်။

ဘုရင်မဟာဝိဇယလောင်ကွန်းသည် နိုဝင်ဘာ ၁၇ ရက်အထိ တရုတ်နိုင်ငံတွင် နေထိုင်ရန် စီစဉ်ထားသည်။ အခမ်းအနားများ တက်ရောက်မည်ဖြစ်ပြီး ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ နေရာများသို့ သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂါဇာကမ်းမြောင်တစ်လျှောက် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရွှေ့ပြောင်းဒုက္ခသည်များ၏ တဲများအတွင်းသို့ မိုးရေများဝင်ရောက်



**ဂါဇာစီးတီး နိုဝင်ဘာ ၁၅**

ဂါဇာကမ်းမြောင် တစ်လျှောက် ယမန်နေ့က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရွှေ့ပြောင်းဒုက္ခသည်များ၏ တဲများအတွင်းသို့ မိုးရေများ ဝင်ရောက်ခဲ့သည်။

ဂါဇာစီးတီးရှိ လမ်းမများတွင် ရေလျှံလျက်ရှိပြီး ရွှေ့ပြောင်းဒုက္ခသည်များ၏တဲများတစ်ဝိုက်တွင် ရွှံ့ရေများဖြင့် ဝန်းရံနေကြောင်း ဂါဇာကမ်းမြောင်ရုံးမှ အမှုထမ်းတစ်ဦးက ပြောကြားသည်။

အလယ်ပိုင်း ဒီရာအယ်လ်ဘာလာရှ်မြို့အနီးရှိဒေသခံများက ၎င်းတို့၏ တဲများပတ်ပတ်လည်တွင် မြေကြီးများကို တောင်ကုန်းများပုံစံပြုလုပ်ကာ မိုးရေများ ဝင်ရောက်မှုကို တားဆီးခဲ့ကြသည်။

မကြာမီ ဆောင်းရာသီ ရောက်ရှိလာမည်ဖြစ်သည့်အတွက် အမိုးအကာများအပါအဝင် ဆောင်းရာသီသုံးပစ္စည်းများ ပေးပို့နိုင်ရန် ဝင်ပေါက်အားလုံးကို ဖွင့်ပေးရန် ဒေသန္တရအစိုးရမဟုတ်သည့်အဖွဲ့အစည်းတစ်ခုက အစ္စရေးကို တောင်းဆိုထားသည်။

ပြီးခဲ့သည့်လက အပစ်အခတ်ရပ်စဲရေး အသက်ဝင်ပြီးနောက် ဆောင်းရာသီအတွက် လိုအပ်သည့်ပစ္စည်းများ ပေးပို့မှုမှာ ကြန့်ကြာလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဒေသခံများက စောင်များကဲ့သို့ သောလိုအပ်သည့်ပစ္စည်းများ ပံ့ပိုးပေးရန် တောင်းဆိုခဲ့သည်။

ဟားမတ်စ်က နောက်ထပ် ဓားစာခံတစ်ဦး၏ ရုပ်အလောင်းကို ပြန်လည်ပေးပို့ခဲ့ကြောင်း အစ္စရေးက နိုဝင်ဘာ ၁၃ ရက်တွင် ကြေညာခဲ့သည်။ ကျန်ရှိနေသော ဓားစာခံ သုံးဦး၏ ရုပ်အလောင်းများကို ပြန်ပေးရန် အစ္စရေးအစိုးရက ဟားမတ်စ်အဖွဲ့အား တောင်းဆိုလျက်ရှိသည်။

ဓားစာခံများအားလုံးကို ပြန်လည်ပို့ဆောင်ပြီးပါက ဟားမတ်စ်၏ လက်နက်ဖြုတ်ချရေး အပါအဝင် အမေရိကန်ညှိနှိုင်းပေးသည့် ငြိမ်းချမ်းရေးအစီအစဉ် ဒုတိယအဆင့်သို့ အကောင်အထည်ဖော်ဆောင်ရန် အလားအလာ ကောင်းမွန်လျက်ရှိကြောင်း စောင့်ကြည့်လေ့လာသူများက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အီရန်က လက်နက်ပြပွဲတွင် ပဲ့ထိန်းဒုံးကျည်အမျိုးအစားများကို ပြသ

**တီဟီရန် နိုဝင်ဘာ ၁၅**

အီရန်နိုင်ငံက အစ္စရေးနှင့် စစ်ရေးပဋိပက္ခများဖြစ်ပွားခဲ့သည့်အချိန်တွင် အသုံးပြုခဲ့သည့် ပဲ့ထိန်းဒုံးကျည်အမျိုးအစားများကို မြို့တော်တီဟီရန်၌ ယမန်နေ့က ပြသခဲ့ကြောင်း အီရန်၏ အစ္စလာမ့်စစ်တော်လှန်ရေးအစောင့်တပ်ဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါပြပွဲသို့ အင်န်အိတ်ချ်ကေ သတင်းဌာနအပါအဝင် အီရန်နိုင်ငံပြင်ပမှ အခြားသောမီဒီယာများလည်း တက်ရောက်ခဲ့သည်။

ခင်းကျင်းပြသထားသည့် ပြည်တွင်းထုတ် လက်နက်များအနက် ကီလိုမီတာ ၂၀၀၀ အကွာအဝေးရှိသည့် Khorramshahr ပဲ့ထိန်းဒုံးကျည်ပါဝင်သည်။ အခြားအမျိုးအစားဖြစ်သည့် Emad ပဲ့ထိန်းဒုံးကျည်သည်လည်း ကီလိုမီတာ ၁၇၀၀ အကွာအဝေးရှိ ပစ်မှတ်ကို ပစ်နိုင်စွမ်းရှိသည်။

ထို့ပြင် ခေတ်မီဒရုန်းများနှင့် လေကြောင်းရန်ကာကွယ်ရေးရေဒါများကိုလည်း ပြသခဲ့သည်။ အီရန်သည် ဒုံးကျည်နယ်ပယ်တွင် ကျော်ကြားထင်ရှားသည့် နိုင်ငံဖြစ်ကြောင်းနှင့် အစ္စရေး၊ အမေရိကန် သို့မဟုတ် အခြားနိုင်ငံများက ရန်လိုတိုက်ခိုက်လာပါက ပြန်လည်တိုက်ခိုက်နိုင်ကြောင်း တော်လှန်ရေးအစောင့်တပ်မှ ဗိုလ်မှူးချုပ် အလီဘာလာလီက ပြောကြားခဲ့သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# တောင်ကိုရီးယားနိုင်ငံ၏ ကာကွယ်ရေးအသုံးစရိတ် တိုးမြှင့်ရန်စီစဉ်




**ဆိုးလ် နိုဝင်ဘာ ၁၅**

တောင်ကိုရီးယား နိုင်ငံက ကာကွယ်ရေး အသုံးစရိတ်ကို တိုးမြှင့်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

တောင်ကိုရီးယား သမ္မတ လီဂျေမြောင်က အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တွေ့ဆုံခဲ့သည့် ထိပ်သီးအစည်းအဝေးတွင် အဆိုပါ အစီအစဉ်ကို ထုတ်ဖော်ပြောကြားခဲ့သည်။

ပြီးခဲ့သည့်လ နှောင်းပိုင်းတွင် တောင်ကိုရီးယား၌ ကျင်းပခဲ့သည့် အမေရိကန်-တောင်ကိုရီးယား နှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးဆိုင်ရာ ထုတ်ပြန်ချက်ကို နှစ်နိုင်ငံစလုံးက ယမန်နေ့တွင် ထုတ်ပြန်ခဲ့သည်။

ဆိုးလ်သည် ကာကွယ်ရေးအသုံးစရိတ်ကို ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု၏ ၃ ဒသမ ၅ ရာခိုင်နှုန်းအထိ ၂၀၃၅ ခုနှစ်မတိုင်မီ မြှင့်တင်ရန်စီစဉ်နေပြီး အမေရိကန် - တောင်ကိုရီးယား မဟာမိတ်အဖွဲ့ကို ခေတ်မီစေရန် ဆောင်ရွက်ပေးမည့် အစီအစဉ်များပါဝင်သည်။

တောင်ကိုရီးယား၏ ကာကွယ်ရေးအသုံးစရိတ်သည် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၅ ဘီလီယံ သို့မဟုတ် ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု၏ ၂ ဒသမ ၃ ရာခိုင်နှုန်းခန့်ရှိသည်။

**ကုန်ကျခံမည်**

တောင်ကိုရီးယား အစိုးရက ၂၀၃၀ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၂၅ ဘီလီယံ တန်ဖိုးရှိ အမေရိကန် စစ်ဘက်ဆိုင်ရာ ကိရိယာများ ဝယ်ယူရန်ကတိပြုထားသည်။ ထို့ပြင် နိုင်ငံတွင်းရှိ အမေရိကန်တပ်ဖွဲ့များကို ထောက်ပံ့ရန် အမေရိကန်ဒေါ်လာ ၃၃ ဘီလီယံ ကုန်ကျခံမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# အာဖဂန်နစ္စတန်၌ ဒေသထွက်ကုန်များ အထွက်နှုန်းကောင်းစေရန် ဖန်လုံအိမ်ပေါင်း ၁၀၀ တည်ဆောက်

**ကဘူးလ် နိုဝင်ဘာ ၁၅**

အာဖဂန်နစ္စတန်နိုင်ငံအတွင်း၌ ဒေသထွက်ကုန်များ အထွက်နှုန်းကောင်းလာစေရန် ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအဖြစ် အာဖဂန်နစ္စတန်တောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် ဖန်လုံအိမ်ပေါင်း ၁၀၀ ကို အာဏာပိုင်များက တည်ဆောက်ခဲ့ကြောင်း နိုင်ငံပိုင်ဘတ်ခ်ထာသတင်းဌာနက ယနေ့ပြောကြားခဲ့သည်။

ခရိုင်မြို့တော် ကန်ဒါဟာအပါအဝင် ခရိုင် ၁၂ ခု၌ အမေရိကန်ဒေါ်လာ ၁၈၂၅၀၀ တန်ဖိုးရှိသော ဖန်လုံအိမ်ပေါင်း ၁၀၀ ကို တည်ဆောက်ထားပြီး ရေစီမံခန့်ခွဲမှုစနစ်ဖန်တီးပြုလုပ်ကာ သီးပင်စားပင်များ စိုက်ပျိုးရန်စီစဉ်ထားကြောင်း ပြည်နယ်စိုက်ပျိုးရေးဌာနပြောခွင့်ရပုဂ္ဂိုလ် မိုဟာမက်ဟာမယ်လ်က ပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ ကျင်းပမည့် ONE -173 ပြိုင်ပွဲတွင် အောင်လအန်ဆန် Hall of Fame ဆု လက်ခံရယူမည်

ရန်ကုန် နိုဝင်ဘာ ၁၅

ONE Championship အဖွဲ့အစည်းသည် ကစားသမားဘဝမှ အနားယူသွားသည့် မြန်မာဖိုက်တာ အောင်လအန်ဆန်ကို Hall of Fame အစီအစဉ်တွင် ထည့်သွင်းဂုဏ်ပြုမည်ဖြစ်ပြီး ယင်းဆုကို နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းတွင် ဂျပန်နိုင်ငံ၌ကျင်းပမည့် ONE-173 ပြိုင်ပွဲတွင် ချီးမြှင့်သွားမည် ဖြစ်သည်။



အောင်လအန်ဆန်သည် ကစားသမားဘဝမှ အနားယူသွားပြီဖြစ်ပြီး ONE Championship အဖွဲ့အစည်း၏ ဝိတ်တန်းနှစ်ခု ကမ္ဘာ့ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည့်အပြင် ကစားသမားဘဝဖြတ်သန်းမှု၊ ဂန္ထဝင်အဖြစ် စံပြုထိုက်သူများကိုသာ ရွေးချယ်ခြင်းဖြစ်သည်။ ONE Championship အဖွဲ့အစည်းသည် Hall of Fame အစီအစဉ်တွင် ကစားသမားအနည်းငယ်သာ ထည့်သွင်းဂုဏ်ပြုဖူးပြီး အောင်လအန်ဆန်သည် တတိယမြောက်ဂုဏ်ပြုခံရသူ ဖြစ်လာသည်။ အောင်လအန်ဆန်မတိုင်မီက အမေရိကန်ဖိုက်တာ ဂျွန်ဆင်နှင့် ဘရာဇီးဖိုက်တာ ဘီဘီယာနို နှစ်ဦးသာ ထည့်သွင်းဂုဏ်ပြုဖူးခြင်းဖြစ်သည်။

အောင်လအန်ဆန်သည် ၂၀၀၅ ခုနှစ်တွင် MMA လောကသို့ စတင်ဝင်ရောက်ခဲ့ပြီး ONE Championship အဖွဲ့အစည်းနှင့် ၂၀၁၄ ခုနှစ်တွင် စတင်လက်တွဲခဲ့သည်။ အောင်လအန်ဆန်သည် ကစားသမားဘဝ စုစုပေါင်း ၄၇ ပွဲထိုးသတ်ခဲ့ရာ ၃၁ ပွဲနိုင်၊ ၁၅ ပွဲရှုံးနိမ့်ခဲ့ပြီး တစ်ပွဲကိုမှ အရှုံးအနိုင်သတ်မှတ်ခဲ့ခြင်းမရှိပေ။ အောင်လအန်ဆန်သည် ONE နှင့် လက်တွဲပြီးနောက် ကစားသမားဘဝကို ပိုင်ဆိုင်ခဲ့ပြီး မစ်ဒယ်ဝိတ်တန်းနှင့် လိုက်ဟဲဗီးဝိတ်တန်း ကမ္ဘာ့ချန်ပီယံအဖြစ် ကာလအတန်ကြာ ရပ်တည်နိုင်ခဲ့ကာ World MMA Awards ဆုအဖြစ် ၂၀၁၈ ခုနှစ်အတွက် International Fighter of the Year ဆု ရယူနိုင်ခဲ့သည်။ ONE Championship အဖွဲ့အစည်း၏ ဝိတ်တန်းနှစ်ခု ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့သောကြောင့် ဂန္ထဝင်ကစားသမားတစ်ဦးအဖြစ် Hall Of Fame အစီအစဉ်တွင် ထည့်သွင်းဂုဏ်ပြုမည်ဖြစ်ကြောင်း သိရသည်။

အောင်လအန်ဆန်သည် ကစားသမားဘဝနောက်ဆုံးပွဲအဖြစ် အောက်တိုဘာ ၄ ရက်က ဆွီဒင်နိုင်ငံသား ကိတ်စတမ်နှင့် ယှဉ်ပြိုင်ထိုးသတ်ရာ ဒုတိယအချီတွင် အလဲထိုးအနိုင်ရခဲ့ပြီး ကစားသမားဘဝနောက်ဆုံးပွဲကို အနိုင်ဖြင့် အဆုံးသတ်နိုင်ခဲ့သည်။

သတင်း - ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-ONE

# မြန်မာ ယူ-၁၇ အသင်း ခြေစမ်းပွဲတွင် တရုတ် ယူ-၁၇ အသင်းကို အနိုင်ရ



မြန်မာ ယူ-၁၇ အသင်းနှင့် တရုတ် ယူ-၁၇ အသင်း ခြေစမ်းပွဲကစားရန် ကွင်းအတွင်း ဝင်ရောက်လာစဉ်။

ရန်ကုန် နိုဝင်ဘာ ၁၅

အာရှဖလား ယူ-၁၇ ခြေစစ်ပွဲအကြိုပြင်ဆင်မှုအဖြစ် တရုတ်နိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာ ယူ-၁၇ အသင်းသည် တရုတ် ယူ-၁၇ အသင်းနှင့် နိုဝင်ဘာ ၁၅ ရက်က ဒုတိယခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၇ အသင်းသည် တရုတ်ခြေစမ်းခရီးစဉ်တွင် တရုတ် ယူ-၁၇ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲကစားရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ နိုဝင်ဘာ ၁၂ ရက်က ပထမခြေစမ်းပွဲကစားရာ လေးဂိုးပြတ်အရေးနိမ့်ခဲ့ပြီး ယခုပွဲတွင် ပြန်လည်အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၇ အသင်းအတွက် အနိုင်ဂိုးများကို ၇၁ မိနစ်တွင် ကောင်းခန့်၊ ၇၇ မိနစ်တွင် ညီညီသန့်တို့က သွင်းယူခဲ့သည်။

သတင်း - မောင်စံကြီး၊ ဓာတ်ပုံ - MFF

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၁)ရပ်ကွက်၊ ဂျီးဖြူလမ်း၊ မြေကွက်အမှတ်(၄၁၉)၊ အကျယ်အဝန်း(၂၀x၆၀)ပေ၊ နှစ်(၆၀) မြေငှားဂရန်ပေါ်ရှိ မြေနှင့်အိမ် အကျိုးခံစားခွင့် ရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဘုတ်ဆုံ(ခ)ဒေါ်ရီရီမြ[၁၂/တမန(နိုင်)၀၁၂၁၆၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိလှိုင် LLB, Wipo (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၃၂၉)**
**အမှတ်-၄၂(ပထမထပ်)၊ ဗိုလ်အောင်ကျော်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၆၄၀၀၈၀၁၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဦးဖိုးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၂၇စီ၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ မြေကွက်အမှတ်-၁၄၈ ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၆)ထပ်တိုက်အဆောက်အအုံရှိ တိုက်အမှတ်-၂၇၊မြေညီ/ထပ်ခိုးပါ(ခေါင်းရင်း)၊ အကျယ်အဝန်း (အနံ ၁၂ ပေခွဲ x အလျား ၅၅ ပေ ) ဦးဖိုးလမ်း၊ စမ်းချောင်း(တောင်)ရပ်ကွက်၊ စမ်း ချောင်းမြို့နယ်ဟု ခေါ်တွင်သော ရေမီးအစုံအလင်ပါရှိသည့် တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းအတွင်းရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို(၁၄-၁၁-၂၀၂၅) ရက်စွဲပါနှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်ဖြင့် ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဦးတိုးငွေ (ဘ)ဦးအေးသောင်း [၉/ကပတ(နိုင်)၁၈၅၈၂၂] ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့တစ်ဝက် ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူ မည်သူမဆို ယနေ့ဤကြေညာသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသော အထောက်အထားများဖြင့် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးမြောက်အောင် ဆောင်ရွက်လိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်လှိုင် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၄၇)**
**အမှတ်(၂၂/ခ)၊ အောင်သုခလမ်း၊ တ/၁၅-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၅၂၄၉၄၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ လူနေရပ်ကွက်အမှတ်(၇)၊ ရာဇဓိရာဇ်လမ်း၊ မြေကွက်အမှတ်(၉၃)ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဗိုလ်ကြီးကျော်စိုးအမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း(၄၀x၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ထားပိုင်ဆိုင်သူ ဦးစမြတ်ထွန်းအောင်[၁၂/ကမရ(နိုင်)၀၂၅၀၄၁]ကိုင်ဆောင်သူမှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဇင်မာစိုး[၅/ရဘန(နိုင်)၁၄၈၂၉၄]မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့်**
**(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ်(၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေ မြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၂၀)၊ ဦးပိုင်အမှတ်-ယခင်၂၃-ဈ၊ ယခု ၂၃-ဒ/၂ခဲစင်း၊ ၈၀x၈၁ကြား၊ ၃၉x၄၀ လမ်းကြားရှိ ဘိုးဘမြေကွက်အား အမည်ပေါက်သူ ဦးသွင်၊ ဒေါ်ညွန့်ရင်တို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၂၅၆/၁၉၆၉)ဖြင့် ဦးညွန့်တင်က ဝယ်ယူခဲ့ပြီး အမွေဆက်ခံစာချုပ်အမှတ်(၂၀၄၄/၂၀၂၂) ဖြင့် ဦးမြင့်သန်း၊ ဒေါ်လှလှအေး၊ ဒေါ်လှလှငွေ၊ ဒေါ်အမာ ငွေ၊ ဦးအောင်မင်း၊ ဦးမြင့်သိန်းတို့ကပိုင်ဆိုင်ခဲ့ပြီး ဖခင်ဦးမြင့်သိန်း၊ မိခင်ဒေါ်မြင့်မြင့်သိန်းတို့ ကွယ်လွန်၍ ကျန်ရစ်သောတစ်ဦးတည်းသောသားနှင့်ကျန်ပူးတွဲပိုင်ဆိုင်သူများဖြစ်ကြသော ဦးမြင့်သန်း [၉/မရတ(နိုင်)၀၃၆၉၉၄]၊ ဒေါ်လှလှအေး [၉/မရတ(နိုင်)၀၃၆၇၅၁]၊ ဒေါ်လှလှငွေ[၉/မရတ(နိုင်)၀၄၀၁၈၈]၊ ဒေါ်အမာငွေ[၉/မရတ(နိုင်)၀၃၆၇၅၂]၊ ဦးအောင်မင်း[၉/မရတ(နိုင်)၀၃၆၇၄၇]၊ဦးကောင်းမြတ် [၉/မဟမ(နိုင်)၀၆၆၆၆၀]တို့က အမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ ခဲစင်းပြ အမွေဆက်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရွှေနံ့သာစံပြ)၊ လူနေရပ်ကွက်အမှတ်(ရွှေနံ့သာ)၊ အင်ကြင်းလမ်းနှင့် (၆)လမ်းထောင့်၊ မြေကွက်အမှတ်(၁၉၁)ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးငြိမ်းသန်းအမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း(၈၀x၆၅) ပေရှိ နှစ်(၆၀)ဂရန်မြေကွက်ကြီးထဲမှ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသော အကျယ်အဝန်း(၄၀ x ၆၅)ပေရှိ မြေကွက်နှင့် ရေမီးစုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးရဲထင်အောင်[၁၂/မရက(နိုင်)၁၃၂၂၈၁]ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ဇော်မြင့်[၇/ပမန(နိုင်)၀၉၉၀၄၉] ကိုင်ဆောင်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေများဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ဇော်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ်(၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများနှင့် ကုန်စည်ပွဲရုံများဌာနလက်အောက်ရှိ ကျိုက္ကဆံ ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေးစခန်းအတွင်းရှိ (၁၀ပေx၁၅ပေ)အကျယ်၊ ခတ္တာဆောင်၊ အခန်းအမှတ်(၂၁)အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးဝင်းမြင့်[၁၂/မဂတ(နိုင်)၀၁၂၈၆၂]ထံမှ ဦးလှထွန်း[၁၂/တမန(နိုင်)၀၉၆၈၆၂]သည် နှစ်ဦးသဘောတူ ဆိုင်ခန်းအရောင်းအဝယ်ကတိစာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါ၍ အဆိုပါဆိုင်ခန်းအမည်ပေါက်အား ဦးလှထွန်း[၁၂/တမန(နိုင်)၀၉၆၈၆၂] အမည်သို့ အမည်ပြောင်းလဲလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားအပြည့်အစုံဖြင့် ကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တာမွေမြို့နယ်၊ ကျိုက္ကဆံယာဉ် အပိုပစ္စည်း ရောင်းဝယ်ရေးစခန်းကွပ်ကဲမှုရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာမင်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၆၅၁)**
**အမှတ်(၁၁၇)၊ ၄-လွှာ၊ အောင်မင်္ဂလာပတ်လမ်း၊**
**ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊**
**ဖုန်း -၀၉-၄၂၀၀၃၁၃၅၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ လူနေရပ်ကွက်အမှတ်(ရွာမအရှေ့)၊ သီရိမင်္ဂလာလမ်း၊ မြေကွက်အမှတ်(၂၁၀)၊ အိမ်အမှတ်(၂၄၁)ဟုခေါ်တွင်သော အကျယ်အဝန်း(၃၈ x၁၇၅)ပေရှိမြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦးအပါအဝင် ရေမီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိ ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဦးမောင်လုံးမှ ပိုင်ဆိုင်ပြီး၊ ဦးမောင်လုံး၏ဇနီးနှင့် သမီးများဖြစ်သော ဒေါ်ခင်ငြိမ်း[၁၂/အစန(နိုင်)၁၂၃၁၉၄]၊ ဒေါ်မြင့်မြင့်အေး[၁၂/အစန(နိုင်)၂၀၁၀၂၉]နှင့် ဒေါ်အေးအေးမိုး[၁၂/အစန(နိုင်)၂၀၉၃၈၄]ကိုင်ဆောင်သူတို့မှ တရားဝင်လက်ရှိထား ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဟု ထုတ်ဖော်ဝန်ခံ ကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့်**
**(LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ်(၈၄၆)၊ သမာဓိလမ်း၊ (၁၃)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## အကြင်လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပြီးစီးကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့နေ **ဦးတင်ယု၏သားဖြစ်သူ ဦးထွန်းယုအောင် [၁၂/လမတ(နိုင်)၀၃၃၄၀၂]** နှင့် မန္တလေးမြို့နေ ဦးစိုင်းထွန်းနေ၏ သမီးဖြစ်သူ **ဒေါ်နန်းဆိုင်ဟွမ် [၁၃/ကဟန(နိုင်)၀၂၆၈၆၅]** တို့သည် ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြပြီး (၁၂-၁၁-၂၀၂၅)ရက်နေ့တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ နှစ်ဖက်သောအသိသက်သေလူကြီးများ၏ ရှေ့မှောက်၌ နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကို ပြုလုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ **ဦးထွန်းယုအောင်နှင့်ဒေါ်နန်းဆိုင်ဟွမ်** တို့သည် ကွာရှင်းပြီးသည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦးပတ်သက်ဆက်နွှယ်မှု လုံးဝမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းယုအောင်နှင့်ဒေါ်နန်းဆိုင်ဟွမ်တို့၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ထက်ထက်ကျော် (LL.B,D.B.L,D.I.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၁၈)**
**အမှတ် - ၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၈၄၇၁၈၂၊ ၀၉-၄၂၅၀၁၃၃၇၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ပတ္တမြားတောင်)၊ မြေကွက်အမှတ်(၄၄၆)၊ ဇီဇဝါလမ်း၊ အမှတ်(၄၄၆)ဟုခေါ်တွင်သော ပါမစ်မြေအမျိုးအစား ဦးတင်ဦး[၁၂/မရက(နိုင်)၀၀၆၁၆၁]အမည်ပေါက် အကျယ်အဝန်း (အလျား၃၀ပေ x အနံ၅၀ပေ) အကျယ်ရှိမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်အေးသီတာဆွေ [၇/ပတန(နိုင်)၀၈၇၆၄၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်နန္ဒာအောင်[၁၂/မဂဒ(နိုင်)၀၉၆၂၄၀]မှ ဝယ်ယူရန်အတွက် အရောင်းအဝယ်အဖြစ် ရောင်းဖိုးစရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ယင်းမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်လွင်မာဦး (LL.B)** | **ဒေါ်ဖြူဇင်ဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၅၁၁)** | **အထက်တန်းရှေ့နေ (စဉ်-၄၈၁၉၆)** |

**အမှတ်(၁၁၇၄)၊ ဘုရင့်နောင်လမ်းမကြီး၊ (၅၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၉၆၈၆၀၈၈**

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးဖြစ်သူ ဦးသီဟလွင် (တာမိုးညဲသီဟလွင်) တို့သည် သာသနာတော်ပြန့်ပွားရေးလုပ်ငန်းများအား စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြပါသဖြင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) ဗဟိုအသင်းကြီးမှ ပေးအပ်ချီးမြှင့်သော **"အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ"** ဘွဲ့ကို အသီးသီး ဆွတ်ခူးရရှိခဲ့ခြင်းအတွက် လှိုက်လှဲစွာ အထူးဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။

**မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်**

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

TMH Telecom Public Co., Ltd ၏ ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးသီဟလွင် (တာမိုးညဲသီဟလွင်) တို့သည် သာသနာတော်ပြန့်ပွားရေး လုပ်ငန်းများအား စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြပါသဖြင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဗဟိုအသင်းကြီးမှ ပေးအပ်ချီးမြှင့်သော **"အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ"** ဘွဲ့ကို အသီးသီးဆွတ်ခူးရရှိခဲ့ခြင်းအတွက် လှိုက်လှဲစွာ အထူးဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။

**TMH Telecom Public Co., Ltd**

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

Tah Moe Hnye Chan Thar Group of Companies ၏ ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် Deputy Managing Director ဖြစ်သူ ဦးသီဟလွင် (တာမိုးညဲသီဟလွင်) တို့သည် သာသနာတော်ပြန့်ပွားရေးလုပ်ငန်းများအား စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြပါသဖြင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဗဟိုအသင်းကြီးမှ ပေးအပ်ချီးမြှင့်သော **"အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ"** ဘွဲ့ကို အသီးသီး ဆွတ်ခူးရရှိခဲ့ခြင်းအတွက် လှိုက်လှဲစွာ အထူးဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။

**Tah Moe Hnye Chan Thar Group of Companies**

## အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးဖြစ်သူ ဦးသီဟလွင် (တာမိုးညဲသီဟလွင်)တို့သည် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဗဟိုအသင်းကြီးမှ ပေးအပ်ချီးမြှင့်သော **"အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ"**ဘွဲ့ကို အသီးသီးဆွတ်ခူးရရှိခဲ့ခြင်းအတွက် လှိုက်လှဲစွာ အထူးဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူအပ်ပါသည်။

**အလင်္ကာကျော်စွာ၊ မဟာသဒ္ဓမ္မဇောတိကဓဇ**
**စင်ရော်မောင်မောင်**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ တကလှဲ့ကျေးရွာ၊ ကွင်းအမှတ် (၁၂၁-E)၊ ကွင်းအမည် သမဲ့ချောင်းကွင်း၊ ဦးပိုင်အမှတ်(CN) ဟုခေါ်တွင်သော ဧရိယာ (၅.၇၀) ဧကရှိ မြေကွက်အပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး အပြီးအပိုင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်နွေးနွေးစုဝေ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၃၈၄)**
**၀၉-၆၉၂၂၆၅၇၉၆၊ ၀၉-၄၂၀၁၃၀၀၆၁**
**ရေကျော်လေးကျေးရွာ၊ အဒွန်းအုပ်စု၊ တွံတေးမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ သုခလမ်း၊ မြေကွက်အမှတ် (၃၂၈)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ အရာခံဗိုလ်အောင်ပြည့် အမည်ပေါက် ပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့ကို ယခုရောင်းချသူ ဒေါ်ခင်ခင်အေး[၈/သရန(နိုင်)၀၃၈၁၇၃]မှ မိမိသာလျှင် တရားဝင် လက်ရောက်ပိုင်ဆိုင်ကြောင်းနှင့် အပြီးအပိုင်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်းဝန်ခံလျက် ကျွန်ုပ်မိတ်ဆွေထံ စကားကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖွန်မေဒေး LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၂၄၄၃၁၆**

### ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်သူ ကိုင်ဆောင်ထားသော သင်္ဘောသား စာအုပ်အမှတ်-၀၀၁၄၇၁ သည် ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၇၇၈၂၉၇၉**

**ရွှေအလင်း**
**အိမ်ခြံမြေအကျိုးဆောင်**
**ပါမစ်/ဂရံ**
**မြေကွက်များ**
**ဈေးကောင်းပေးဝယ်သည်။**
**09-421520509**

### အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ကြာနီလမ်း၊ မြေကွက်အမှတ်(၁၀၁၆)၊ (၄၀ပေx၆၀ပေ)၊ အကျယ်ရှိ မြေကွက်သည် ဒေါ်ကြည်ကြည်မော် (CC/၀၃၈၄၆၂)က ပါမစ်အမည်ပေါက်ပြီး ယင်းမြေကွက်အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော (၂၀ပေ x ၆၀ပေ) အကျယ်ရှိ (ခြေရင်းဘက်ခြမ်း)၊ (မြေကွက်အမှတ် - ၁၀၁၅ နှင့် ကပ်လျက်ရှိသောအခြမ်း) ပါမစ်မြေ အမျိုးအစားမြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ယခုရောင်းချသူ ဒေါ်ကျော့ကျော့နု [၁၁/ကဖန(နိုင်)၀၀၁၁၂၁]က ပါမစ်အမည်ပေါက်ထံမှ အဆက်စပ်အရောင်းအဝယ် ကတိစာချုပ်များဖြင့် ဝယ်ယူလက်ဝယ်ရရှိပိုင်ဆိုင်ထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းလာသည်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် မြေကွက်နှင့် နေအိမ်ဖိုးငွေတစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်ပြုလုပ်သည်ကို ကန့်ကွက်လိုပါက ယင်းမြေကွက်နှင့်နေအိမ်တို့နှင့် ပတ်သက်၍ အကျိုးခံစားခွင့်ရှိသည်ဟု အဆိုရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးဆုံးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးစွမ်းထက်ပိုင်** | **ဒေါ်ပိုးဇာနည်ဝင်း** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၀၆)** | **အထက်တန်းရှေ့နေ** |
| **LL.B, DBL, DIL, MA (Business Law)** | **LL.B (စဉ်-၅၀၅၉၅)** |
| **ဖုန်း - ၀၉-၄၃၀၉၄၆၇၂** | **ဖုန်း - ၀၉-၄၅၉၃၀၃၁၆၀** |

**တိုက်(၁၄)၊ အခန်း(B-1/B-2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၂)၊ ဦးပိုင်အမှတ်-(၃/ခဲစင်း)၊ ၁၂၉x၁၃၀ကြား၊ ၆၂x ၆၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးမြသန်း ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၉၁၂/၂၀၀၉)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်အေးသန်း [၉/မနမ(နိုင်)၀၁၁၂၅၅] က အမှုတွဲအမှတ် (၃၄၁၂/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (ဃ/၁၃) ရက်ကွက်၊ ပန်းခြံ(၁)၊ သဇင်(၂)လမ်း၊ အမှတ်- မ/၁၂၃(ခ)၊ ဦးကျော်လင်း (CG-၀၈၆၅၅၉) အမည်ပေါက် (၂၀x၆၀) ပေရှိ ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်လှလှမိုး [၁၂/ရပသ(နိုင်)၀၄၂၁၁၇] က တရားဝင် လက်ဝယ်ပိုင်ဆိုင်ထား၍ လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုကာ ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထာကျုံးလျန် [၅/မပန(နိုင်)၀၀၀၅၁၃] က အဆိုပါမြေနှင့်အိမ်အား ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက ၎င်းမြေနှင့်အိမ် အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအုပ်လင်း (LLB, LLM, MRes, JM, PhD)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၈၈၉၀)**
**အမှတ် (၄၅)၊ သုခ (၅၁)လမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၆၄၆၇၀၂၃၉**

### "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- (၄၇)၊ လူနေရပ်ကွက်အမှတ် (၁၉)၊ ဒေါနလမ်း၊ မြေကွက်အမှတ်- ၉၃၄-က၊ ဒေါ်သီတာအေး အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော အကျယ်ပေ (၂၀ x ၆၀)၊ စတုရန်းပေ (၁၂၀၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးစုံပါလူနေအိမ်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ရှင် ၎င်းမှသာ လက်ဝယ်ထားရှိ ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြု လွှဲပြောင်းရောင်းချသူ ဒေါ်သီတာအေး [၇/ပမန(နိုင်)၁၃၆၄၆၀] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်စုနီလာမြင့် [၁၂/ရပသ(နိုင်)၀၃၆၉၃၅] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်ခြံမြေအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသည့် မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နှင်းဝေ (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၇၄)**
**အမှတ်-(၉၃/ခ)၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ အကွက်အမှတ်-(တတ-၁)၊ ဦးပိုင်အမှတ်-(၁၀)၊ ၆၂x၆၃ကြား၊ ၁၂၃x၁၂၄လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းရွှေ၏ (GP ရရှိသူ ဒေါ်မြတ်ယဉ်မွန်)ထံမှ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်အမှတ်(၁၄၀၃/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဦးဟိန်းသူအောင် [၉/မဟမ(ပြု)၀၀၀၃၂၆] က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၄၂၂/၂၀၂၅-၂၀၂၆) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်-(ဒဒ-၁၂)၊ ဦးပိုင်အမှတ်-(၃/ခဲစင်း)၊ ၁၂၉x၁၃၀ကြား၊ ၆၂x ၆၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ခင်ပွန်းဖြစ်သူ ဦးမြသန်း ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၉၁၂/၂၀၀၉)ဖြင့် အမွေ ဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်အေးသန်း [၉/မနမ(နိုင်)၀၁၁၂၅၅] က အမှုတွဲအမှတ် (၃၄၁၁/၂၀၂၅-၂၀၂၆) ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
